★ အများပြည်သူ သဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရ ဖီဆန်ကြ

# ရွှေခမောက်

## သတင်းစဉ်

အမှတ်စဉ် ၆၄/၂၀၀၇

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၂၀)ရက်။



ဒေါ်အောင်ဆန်းစုကြည်
နောက်ဆုံးအထိန်းသိမ်းခံထားရတာ ယခုဆိုရင်
(၄)နှစ်(၆)လနဲ့(၂၀)ရက်ရှိသွားပါပြီ။

"××× ကျမတို့ အဖွဲ့ချုပ်အနေနဲ့မှားတဲ့ကိစ္စကို ဘာမှမလုပ်ပါဘူး။ မှန်တဲ့အတိုင်းပဲ လုပ်သွားတာပါ။ ဥပဒေဘောင်အတွင်းကပဲ တရားမျှမျှတတ ဖြစ်စေချင်ပါတယ်။ ကျမတို့အနေနဲ့ ဘယ်အဖွဲ့အစည်းကိုမှလည်း မတိုက်ခိုက်ချင်ပါဘူး။ ဘယ်အဖွဲ့အစည်းကိုမှလည်း မပုတ်ခတ်ချင်ပါဘူး။ ပြည်သူလူထုတွေရဲ့ ရသင့်ရထိုက်တဲ့ လူ့အခွင့်အရေးတွေကို ကာကွယ်ချင်တာ တခုပါဘဲ။ ဒီဟာ ကျမတို့လုပ်တဲ့ကိစ္စအဝဝမှာ ပြည်သူလူထုတွေရဲ့ လူ့အခွင့်အရေးတွေကို ကာကွယ်သွားရမယ်ဆိုတဲ့ စိတ်ထားနဲ့ ကျမတို့လုပ်တာဖြစ်ပါတယ်။ အဲ့ဒီဟာကို အားလုံးကဝိုင်းပြီးတော့ ကာကွယ်ပေးဖို့လိုပါတယ်။ လူ့အခွင့်အရေးဆိုတာ လူတိုင်းလူတိုင်းနဲ့ဆိုင်တဲ့ကိစ္စမို့လို့ အဖွဲ့အစည်းတခုတည်းကလည်း လုပ်လို့မရဘူး။ အဖွဲ့အစည်းအများကလည်း လုပ်လို့မရဘူး။ ပြည်သူလူထုအများကပါ ဝိုင်းပြီးတော့မှ ဒီလူ့အခွင့်အရေးတွေကို ကျမတို့ ကာကွယ်နိုင်မှာဖြစ်ပါတယ် ×××"

### ယနေ့ သတင်းများ

၁။ ဒေါ်အောင်ဆန်းစုကြည်အကြောင်း လက်ကမ်းစာရွက်များ ဖြန့်ဝေ
၂။ မစုစုနွေးအပါအဝင် အဲန်အယ်လ်ဒီလူငယ်တချို့ အဖမ်းဆီးခံရ
၃။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက်
၄။ အဖွဲ့ချုပ်ဝင်နှင့် (၈၈)မျိုးဆက်ကျောင်းသားများကို ပုဒ်မ (၅/ည)နှင့် စွဲချက်တင်
၅။ တွေ့ဆုံဆွေးနွေးရေးသည်သာ တခုတည်းသောနည်းလမ်းဟု မစ္စတာဂန်ဘာရီပြောကြား
၆။ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က မစ္စတာပင်နဲရိုးထံ စာပေးပို့
၇။ အရှင်ဂမ္ဘီရကိုဖမ်းဆီးတာဟာ သံဃာထုကိုစိန်ခေါ်တာဖြစ်လို့ လက်တုန့်ပြန်ခံရမယ်လို့ သံဃာ့တပ်ပေါင်းစုက သဘောထားထုတ်ပြန်
၈။အင်းစိန်ထောင်မှ နိုင်ငံရေးအကျဉ်းသား(၆)ဦး ပြန်လွှတ်ခြင်း အပိုင်း(၁)
၉။ အင်းစိန်ထောင်မှ နိုင်ငံရေးအကျဉ်းသား(၆)ဦး ပြန်လွှတ်ပေးခြင်း အပိုင်(၂)
၁၀။ ကိုမင်းကိုနိုင်၊ သတင်းစာဆရာကြီး ဦးဝင်းတင်၊ မစုစုနွေးတို့ကို ပင်နဲရိုး တွေ့ခွင့်ရ
၁၁။ မစုစုနွေး ရဲစခန်းမှာ အစာငတ်ခံ ဆန္ဒပြနေ
၁၂။ သံဃာတပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရ ဖမ်းဆီးခံရခြင်း
၁၃။ ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထောက်ခံကြေညာချက် ထုတ်ပြန်
၁၄။တိုင်းရင်းသားနိုင်ငံရေးပါတီနှင့်အပစ်ရပ်အဖွဲ့များကို လက်မှတ်အတင်းထိုးခိုင်းနေ
၁၅။ လုံခြုံရေးကောင်စီသို့တင်သွင်းသော မစ္စတာဂမ်ဘာရီ၏ အစီရင်ခံစာအပေါ် အဲန်စီဂျီယူဘီ သုံးသပ်ချက်
၁၆။ မြန်မာကို အာဆီယံအဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ပေးရန် (၈၈)မျိုးဆက်ကျောင်းသားများ တောင်းဆို
၁၇။ ဒေသအသီးသီးမှ သံဃာ့တပ်ပေါင်းစု အဖွဲ့ခွဲတွေကို ဖွဲ့စည်းခွင့်ပြု
၁၈။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ကြည်တို့ တတိယအကြိမ်တွေ့ဆုံ

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက်

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ် ၉၇/ခ ၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့**

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၁၂) ရက်
၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃) ရက်

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီမှတဆင့် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၈) ရက်နေ့တွင် ထုတ်ပြန်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက် စာသားအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ယခုလို အခါသမယမှာ ကျမဘက်က တလျှောက်လုံး အပြည့်အဝရပ်တည်ပေးခဲ့ကြသော ပြည်တွင်းပြည်ပ အင်အားစုများအားလုံးကို ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ ကျမတို့နိုင်ငံမှာ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ ဖြစ်ထွန်းလာစေရေးအတွက် မယိမ်းမယိုင်ထောက်ခံပေးနေသော ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်ကိုလည်း ကျမအထူးကျေးဇူးဥပကာရ တင်ရှိပါသည်။

အောက်တိုဘာလ (၈)ရက်နေ့တွင် ဝန်ကြီးဦးအောင်ကြည်အား ဆက်ဆံရေးဝန်ကြီးခန့်အပ်လိုက်ခြင်းကို ကျမကြိုဆိုပါသည်။ အောက်တိုဘာ (၂၅)ရက်နေ့တွင် ပြုလုပ်ခဲ့သော ကျမတို့၏ ပထမအကြိမ်တွေ့ဆုံမှုသည် အပြုသဘောဆောင်ပါသည်။ ရှေ့တွင် ပုံမှန်ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားဖို့ ကျမမျှော်လင့်ထားပါတယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ခေါင်းဆောင်များနှင့် အဓိပ္ပါယ်ပြည့်ဝ၍ အချိန်ကန့်သတ်မှုများပါဝင်သော တွေ့ဆုံဆွေးနွေးပွဲများ စောနိုင်သမျှအစောဆုံးစတင်နိုင်ရန်အလို့ငှာ ယခုကဲ့သို့သော ပဏာမအဆင့် ဆွေးနွေးညှိနှိုင်းမှုများသည် မကြာမီ ပြီးမြောက်သွားမည်ဟုလည်း ကျမမျှော်လင့်ထားပါသည်။

တမျိုးသားလုံး၏အကျိုးစီပွားအတွက် ဤတွေ့ဆုံဆွေးနွေးပွဲလုပ်ငန်းစဉ် အောင်မြင်အောင်ဆောင်ကျဉ်းသွားရန်အလို့ငှာ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်ရန် ကျမအသင့်ရှိနေပါသည်။ ယင်းတွေ့ဆုံ ဆွေးနွေးမှုများအောင်မြင်ရေး အထောက်အကူဖြစ်စေရန် ကုလသမဂ္ဂ၏လိုအပ်သောအခန်းကဏ္ဍများကိုလည်း ကျမကြိုဆိုလိုက်ပါသည်။

ဒီမိုကရေစီလူ့အဖွဲ့အစည်းတွင် နိုင်ငံရေးပါတီများပါဝင်ရမည့်အရေးပါသည့် အခန်းကဏ္ဍကို အပြည့်အဝသိရှိနားလည်ခြင်းအားဖြင့်လည်းကောင်း၊ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ၏ ကိုယ်ကျိုးစွန့်အနစ်နာခံမှုများကို အလေးအနက် တန်ဘိုးထားသောအားဖြင့်လည်းကောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးအဖြစ် ဖြင့်လည်းကောင်း ကျမသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရည်မှန်းချက်များ မူဝါဒများကို အပြည့်အဝလေးစားလိုက်နာခံယူပါမည်။

သို့စေကာမူ ဒီမိုကရေစီအင်အားစုများအားလုံး သွေးစည်းခိုင်မာမှုနှင့်အမျိုးသားညီညွတ်ရေး အရေးတကြီးလိုအပ်နေသော ယခုအချိန်မျိုးတွင် နိုင်ငံရေးအဖွဲ့အစည်းများ၊ နိုင်ငံရေးအင်အားစုများ၊ အထူးသဖြင့် ကျမတို့၏ တိုင်းရင်းသားလူမျိုးစုများအားလုံး၏ ဆန္ဒသဘောထားများနှင့် အကျိုးစီးပွားများကို အခိုင်အမာအဆက်မပြတ် အလေးအနက်ထားကာ စဉ်းစားပေးရမည်မှာ ကျမအပေါ်ကျရောက်လာသော တာဝန်ဖြစ်နေပါပြီ။

ယင်းရည်မှန်းချက်များအောင်မြင်ရေးအတွက် ကျမသည် အပြုသဘောဆောင်သော တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းကို အကောင်အထည်ဖေါ်သွားရန် ပိုင်းဖြတ်ထားပါသည်။ နိုင်ငံတော်ရေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရအားလည်းကောင်း၊ သက်ဆိုင်ရာ နိုင်ငံရေးအင်အားစုများအားလည်းကောင်း ကျမနှင့်အတူ လက်တွဲကြိုးပမ်းကြပါရန် ဖိတ်ခေါ်လိုက်ပါသည်။

ကျမတို့နိုင်ငံတွင် အေးချမ်းတည်ငြိမ်မှု၊ သာယာဝပြောမှု၊ ဒီမိုကရေစီဖြစ်ထွန်းမှုတို့ဖြင့် လူ့အခွင့်အရေး အပြည့်အဝရရှိခံစားကာ ပြည်သူအပေါင်းငြိမ်းချမ်းသာယာစွာနေထိုင်နိုင်ခြင်းအားဖြင့် ကျမတို့နိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့်လည်းကောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း ပိုမိုရင်းနှီးပွင့်လင်းစွာ ပူးပေါင်းဆောင်ရွက်လျှက် ဒေသဖွံ့ဖြိုးရေးနှင့် တည်ငြိမ်ရေးကို အကောင်းဆုံးအကျိုးပြုနိုင်မည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ မိသားစုကြီးတွင်လည်း အများကလေးစားခြင်းခံရသော အဖွဲ့ဝင်တစ်နိုင်ငံအဖြစ်ပါဝင်အကျိုးပြုနိုင်သည့် အခန်းကဏ္ဍမှ ဝင်ရောက်ဆောင်ရွက်လာနိုင်မည်ဟု ကျမယုံကြည်ပါသည်။

အထက်ပါကြေညာချက်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ကြိုဆိုထောက်ခံ၍
ထုတ်ပြန်ဖြန့်ချိလိုက်ပါသည်။

**၁၂ - ၁၁ - ၀၇ နေ့တွင် ကျင်းပသော**
**ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏**
**အစည်းအဝေး ဆုံးဖြတ်ချက်အရ**

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့

## ဒေါ်အောင်ဆန်းစုကြည်၏ ကြေညာချက်အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထောက်ခံကြေညာချက် ထုတ်ပြန်

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်**
**အမှတ် ၉၇/ခ ၊ အနောက်ရွှေဂုံတိုင်လမ်း**
**ဗဟန်းမြို့နယ် ၊ ရန်ကုန်မြို့**

၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ (၁၃) ရက်
၁၃၆၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၄) ရက်

ကြေညာချက် - ၂၁ / ၁၁ / ၀၇

၁။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်အရေးအဖွဲ့ (ယခု နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ) သည် (၁၉၈၉) ခုနှစ် မေလ (၃၁)ရက်နေ့တွင် ဥပဒေအမှတ် - (၁၄/၈၉) ဖြစ်သော ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ အဆိုပါ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့်အညီ အာဏာပိုင်များက မလွဲမသွေ အကောင်အထည်ဖေါ်ပေးလိမ့်မည်ဟု ယုံကြည်ကြသောကြောင့် (၁၉၉၀)ပြည့်နှစ်တွင် ကျင်းပခဲ့သည့် "ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ" ၌ မဲဆန္ဒရှင်ပြည်သူလူထုက ဆန္ဒမဲပေးခြင်း၊ အသီးသီးသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများက ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခဲ့ကြခြင်း ဖြစ်ပေသည်။

၂။ အာဏာပိုင်အဖွဲ့တစ်ဖွဲ့က ဥပဒေတစ်ရပ်ကို ထုတ်ပြန်လိုက်ခြင်းသည် ၎င်းတို့ကိုယ်တိုင် ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်ပေးမည်ဟု တိုင်းပြည်နှင့် ပြည်သူလူထုအား ကတိကဝတ်ပြုလိုက်ခြင်းမည်ပေသည်။ အဆိုပါ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များကို ပိုမိုခိုင်မာစေရန်သဘောဖြင့် (၁၉၉၀) ပြည့်နှစ် ဇူလိုင်လ (၂၇) ရက်နေ့တွင် ကြေညာချက် (၁/၉၀) ကို အာဏာပိုင်များက ထုတ်ပြန်လိုက်ခြင်း ဖြစ်သည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ယူဆရပါသည်။ ကြေညာချက် - ၁/၉၀ တွင် အောက်ပါတို့ကို ရည်ညွှန်းဖော်ပြခဲ့သည်။

(က) အပိုဒ် - ၁၂ တွင်၊

"ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ -၃ တွင် 'လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်' ဟူ၍ ပြဋ္ဌာန်းပါရှိသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်။ ××× " ဟု ပြန်လည်ဖေါ်ထုတ်၍ ထပ်မံအတည်ပြုခဲ့ပါသည်။

(ခ) အပိုဒ် - ၂၀ တွင်၊

"××× ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ် ဒီမိုကရေစီနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုရေးဆွဲကြရန် တာဝန်ရှိသည့် ပုဂ္ဂိုလ်များဖြစ်သည်"

ဟု ထုတ်ပြန်ပါရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်ဆိုသည်တွင် ဥပဒေပြုရေးအာဏာ၊ အုပ်ချုပ်ရေးအာဏာ၊ တရားစီရင်ရေးအာဏာတို့ကို ပိုင်ဆိုင်ထားသည့် ပြည်သူ့လွှတ်တော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်အတွက် တိုင်းပြည်ပြုလွှတ်တော်မဟုတ်ကြောင်း ထင်ရှားပေသည်။

၃။ အဆိုပါကြေညာချက် (၁/၉၀) သည် တိုင်းပြည်၏ နိုင်ငံရေးလမ်းစဉ်ကို ဖေါ်ညွှန်းပေးလိုက်ခြင်းဖြစ်သောကြောင့် အာဏာပိုင်များက မည်မျှအရေးထားကြောင်း ပေါ်လွင်နေပါသည်။ ဤကြေညာချက်ပေါ်မူတည်၍ မြန်မာ့နိုင်ငံရေးကိစ္စအရပ်ရပ်တို့ကို ဆောင်ရွက်နေသည်ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သဘောရရှိပါသည်။ အဘယ်ကြောင့်ဆိုသော် တိုင်းပြည်တွင်မရှိမဖြစ် "အသက်တမျှ" အရေးကြီးလှသည့် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများချမှတ်နိုင်ရန် အမျိုးသားညီလာခံခေါ်ယူကျင်းပပေးမည့် ကြေညာချက် (၁၁/၉၂)ကို (၁၉၉၂) ခုနှစ် ဧပြီလ (၂၄)ရက်နေ့တွင် ထုတ်ပြန်ရာ၌လည်း ကြေညာချက် (၁/၉၀) ကိုပင် အဓိကထား၍ ရည်ညွှန်းခဲ့ကြောင်း တွေ့ရှိရပါသည်။

၄။ ကြေညာချက်အမှတ် – (၁/၉၀) နှင့်ပတ်သက်၍ နိုင်ငံရေးပါတီများအပါအဝင် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)က အာဏာပိုင်များနှင့် မည်သို့ဆောင်ရွက်ခဲ့ကြသည်တို့ကို ဖေါ်ပြလိုပါသည်။

(က) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အချို့သော တိုင်းစည်းရုံးရေးအဖွဲ့များမှ ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူးများအား အာဏာပိုင်အဖွဲ့အစည်းများက ခေါ်ယူ၍ ဝန်ခံချက်များကို လက်မှတ်ရေးထိုးစေခဲ့ပါသည်။ အရေးကြီးဆုံးအချက်မှာ ကြေညာချက် – (၁/၉၀) ကို မလိုက်နာပါက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ဖျက်သိမ်းခြင်းခံရမည်ဟူသော အချက်ပင်ဖြစ်ပါသည်။

(ခ) သို့ ဝန်ခံချက်ကို လက်မှတ်ရေးထိုးရန် ပြစ်မှုဆိုင်ရာ ကျင့်ထုံးပုဒ်မ – (၁၆၀) အရ ဆင့်ခေါ်ခြင်း ဖြစ်ပါသည်။ ယင်းပုဒ်မသည် သက်သေများရောက်ရှိစေရန် ရဲအရာရှိများက ဆင့်ဆိုနိုင်သည့် အာဏာဖြစ်ပါသည်။ သို့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ ဆင့်ခေါ်ချက်အရ (၉–၁၁–၉၀) ရက်နေ့တွင် အမျိုးသားထောက်လှမ်းရေး အဖွဲ့သို့ သွားရောက်ခဲ့ပြီး တိုင်းပြည်ကို ဒီမိုကရေစီကျင့်စဉ်အရ ဒီမိုကရေစီနိုင်ငံတော်အဖြစ်တည်ဆောက်ရန် မှန်မြတ်သည့် ရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ဖျက်သိမ်းခြင်းမှ လုံးဝရှောင်ရှားရမည်ဖြစ်သောကြောင့် ဝန်ခံချက်ကို လက်မှတ်ရေးထိုးခဲ့ရပါသည်။

၅။ "နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ သဘောထားရှင်းလင်းချက် မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းနှင့်အမျိုးသားရေးဦးတည်ချက် " စာအုပ်၏ စာမျက်နှာ၊ ၁၄၃ တွင် –

"××× နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အနေနဲ့ (၂၇–၇–၉၀) နေ့မှာ ကြေညာချက်အမှတ် (၁/၉၀) ကို ထုတ်ပြန်ကြေညာခဲ့ပြီးလည်းဖြစ်ပါတယ်။ ကြေညာချက် (၁/၉၀) ဟာ နိုင်ငံတော်ရဲ့ နိုင်ငံရေးပြောင်းလဲမှုများမှာ မလိုလားအပ်တဲ့ အစွန်းအထင်းများမဖြစ်ပေါ်စေရန် ရွေးကောက်ပွဲမှာအနိုင်ရတဲ့ပါတီများ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေ၊ ဆောင်ရွက်ရန်၊ ရှောင်ရန်အချက်တွေကို လမ်းညွှန်ပေးနေတာပဲဖြစ်ပါတယ်။"

ဟုရေးသားဖေါ်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

၅ – ၁၁ – ၀၇ နှင့် ၁၂ – ၁၁ – ၀၇ နေ့များတွင် ကျင်းပသော
ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏
အစည်းအဝေးဆုံးဖြတ်ချက်အရ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုရေစီအဖွဲ့ချုပ်
ရန်ကုန်မြို့

## ဒေါ်အောင်ဆန်းစုကြည်အကြောင်း လက်ကမ်းစာရွက်များ ဖြန့်ဝေ

*အာအက်ဖ်အေ၊ ၁၃ နိုဝင်ဘာ၊ ၂၀၀၇*

ဒေါ်အောင်ဆန်းစုကြည်အကြောင်းရေးသားထားတဲ့ စာရွက်တွေကို မော်ဘီနည်းပညာတက္ကသိုလ်ဝင်းနဲ့ ရန်ကုန်မြို့နေရာတချို့မှာ နိုဝင်ဘာ (၁၃)ရက် ဒီကနေ့ မနက်က ဖြန့်ဝေကြကြောင်း သိရပါတယ်။ နည်းပညာတက္ကသိုလ်စာမေးပွဲ နောက်ဆုံးရက်ဖြစ်တဲ့နေ့မှာဖြန့်ဝေကြတာဖြစ်ပါတယ်။

ဒီစာတွေထဲမှာ ဒေါ်အောင်ဆန်းစုကြည်အကြောင်း ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကိုယ်ကျိုးစွန့်အနစ်နာခံမှုတွေအကြောင်း ရေးသားထားတယ်လို့ သိရပါတယ်။ ဒီစာတွေကို အဓိကအားဖြင့် မော်ဘီနည်းပညာတက္ကသိုလ်မှာ ဖြန့်ဝေခဲ့တာဖြစ်ပါတယ်၊ ဒ့ါအပြင် သမိုင်းလမ်းဆုံ၊ ပဲခူးကလပ်နဲ့ ကားမှတ်တိုင်တချို့မှာလည်း ဖြန့်ဝေကြတယ်လို့ ဆိုပါတယ်။

ဒီလို ဒေါ်အောင်ဆန်းစုကြည်အကြောင်း စာတွေဖြန့်ဝေရတာနဲ့ ပတ်သက်လို့ **"ဒေါ်အောင်ဆန်းစုကြည်လို တိုင်းပြည်ကိုချစ်မြတ်နိုးတဲ့စိတ်၊ မတရားတာကို ခေါင်းငုံ့မခံလိုတဲ့စိတ်၊ ပြီးတော့ အများအကျိုးအတွက် သယ်ပိုးလိုတဲ့စိတ်မျိုး ဒီအတ္တုပ္ပတ္တိကိုဖတ်ပြီး ပေါ်ပေါက်လာနိုင်ကောင်းပါရဲ့ဆိုတဲ့ ရည်ရွယ်ချက်မျိုးနဲ့ ဒီအတ္တုပ္ပတ္တိကို ဝေရခြင်းဖြစ်ပါတယ်"**လို့ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က တက္ကသိုလ်ကျောင်းသားတဦးက RFA ကို ပြောပြခဲ့ပါတယ်။ ■

## မစုစုနွေးအပါအဝင် အဲန်အယ်လ်ဒီလူငယ်တချို့ အဖမ်းဆီးခံရ

*ဗွီအိုအေ ၊ ၁၃ နိုဝင်ဘာလ၊၂၀၀၇*

လူ့အခွင့်အရေးတိုးတက်မှုရှိဖို့ ကုလသမဂ္ဂကိုယ်စားလှယ်ကိုယ်တိုင် မြန်မာနိုင်ငံရောက်နေချိန်မှာပဲ ဖမ်းတဲ့ဆီးတဲ့ သတင်းတွေကလည်း ထွက်ပေါ်နေတုန်းပါပဲ။ ဒီကနေ့မှာပဲ ပူပူနွေးနွေးအဖမ်းခံလိုက်ရသူ နောက်တဦးကတော့ မစုစုနွေးပဲဖြစ်ပါတယ်။ စက်တင်ဘာ ရွှေဝါရောင်တော်လှန်ရေးလို့ခေါ်နေကြတဲ့ သံဃာတွေဦးဆောင်တဲ့ လှုပ်ရှားမှုနဲ့ ပတ်သက်ပြီး လိုက်လံဖမ်းဆီးမှုတွေ လုပ်နေတုန်းမှာပဲ ရှောင်ရင်းတိမ်းရင်း ဆက်လက်လှုပ်ရှားနေခဲ့သူ မစုစုနွေးဟာ အဲန်အယ်လ်ဒီအဖွဲ့ဝင်၊ လူ့အခွင့်အရေးလှုပ်ရှားသူအဖြစ် ထင်ရှားသူဖြစ်ပါတယ်။ သူမအဖမ်းခံရတာနဲ့ပတ်သက်လို့ အသေးစိတ်ကို ကိုအောင်လွင်ဦးက ဆက်သွယ်မေးမြန်း တင်ပြထားပါတယ်။

တက်ကြွလှုပ်ရှားသူ ၂ ဦးနဲ့အတူ ရန်ကုန်မြို့မှာ ဆန္ဒပြလှုပ်ရှားမှု တခုလုပ်နေရင်း လုံခြုံရေး ရဲတပ်ဖွဲ့ဝင်တွေက အခုလို ဖမ်းဆီးခံခဲ့ရတာလို့ သိရပါတယ်။

ပြီးခဲ့တဲ့လပိုင်းတွေက မြန်မာစစ်အစိုးရဆန့်ကျင်တဲ့ ဆန္ဒပြပွဲတွေမှာပါဝင်ခဲ့လို့ အာဏာပိုင်တွေက လိုက်လံဖမ်းဆီးနေတာကို ရှောင်ရှားနေရာက အခုလို နောက်ဆုံးအဖမ်းခံသွားရတာပါ။ အခု ဖမ်းဆီးခံခဲ့ရတဲ့အကြောင်းနဲ့ ပတ်သက်လို့တော့ မစုစုနွေးနဲ့ နီးစပ်သူတဦးက အခုလိုပြောပြပါတယ်။

***မမှသည် အစမှကို နိုင်မြဲ။ ***

"ကျနော်တို့သိရတာတော့ မစုစုနွေးရယ်၊ ဘိုဘိုဝင်းလှိုင်ဆိုတဲ့ ဒေါပုံမြို့နယ် အဲန်အယ်လ်ဒီအဖွဲ့ချုပ်ကလူငယ်ရယ်၊ နောက် ကိုကိုအောင်ဆိုတဲ့ အဲန်အယ်လ်ဒီလူငယ်ရယ်၊ သူတို့သုံးယောက် ဆိုင်းဘုတ်တပ်ကြတယ်လို့သိရတယ်။ ပိုစတာပေ့ါလေ၊ အဲဒီပိုစတာကတော့ တရုတ်အားကိုးမိစ္ဆာဆိုး၊ လူသတ်ဝါဒီများဆန့်ကျင်ကြဆိုတဲ့ ဒီဆိုင်းဘုတ်ကို ကပ်တယ်တဲ့။ ကပ်တဲ့အချိန်မှာပဲ ရဲတွေရောက်လာပြီးလိုက်ဖမ်းလို့ ဘိုဘိုဝင်းလှိုင်နဲ့ မစုစုနွေးတို့က အဖမ်းခံကျန်ခဲ့ရပြီး ကိုကိုအောင်က ထွက်ပြေးပြီးတော့ ကံကောင်းလို့ ထွက်ပြေးပြီးတော့ လွတ်မြောက်သွားတယ်လို့ သိရတယ်။ ထွက်ပြေးလွတ်မြောက်သွားတယ်ဆိုပေမယ့် သူ့အိမ်ကို အာဏာပိုင်တွေက လာပြီးတော့ အကြောင်းကြားတယ်လို့ သိရတယ်။ သူပြန်ရောက်လာရင် အသိပေးပါဆိုပြီးတော့၊ ကိုကိုအောင် ပြန်လာရင် ဘယ်မှမသွားပါနဲ့၊ သူတို့ဆီလာအကြောင်းကြားပေးပါဆိုပြီးတော့ လာပြောသွားတယ်လို့သိရတယ်"

ရန်ကုန်တိုင်း ထန်းမနိုင်ရွာသူ လူ့အခွင့်အရေးလှုပ်ရှားသူ မစုစုနွေး အာဏာပိုင်တွေရဲ့ ဖမ်းဆီးမှုက တိမ်းရှောင်နေတုန်း ဗွီအိုအေက ဆက်သွယ်မေးမြန်းခန်းတခုမှာ အခုလို ပြောခဲ့ဘူးပါတယ်။

"ကျမတို့ရှောင်နေတယ်ဆိုတာမျိုးက ထောင်ကျမှာကြောက်လို့၊ အဖမ်းခံရမှာကြောက်လို့ ကျမတို့ ရှောင်နေတာမဟုတ်ပါဘူး။ ကျမတို့ မြန်မာပြည်သူလူထုတွေကို ကျမတို့ အဖမ်းမခံဘဲနဲ့ ပြည်သူလူထုတွေခံစားနေရတဲ့ အထွေထွေအကျပ်အတည်းတွေကို ကျမတို့ ဒီ့ထက်ကို ကြိုးစားပြီး ဆောင်ရွက်ပေးနိုင်ဖို့အတွက် ကျမတို့ ရှောင်နေခြင်းဖြစ်တယ်။ ကျမတို့ အားလုံးရှောင်နေမှုအပေါ်မှာ ကျမတို့ကို အားကိုးနေကြတဲ့ ပြည်သူလူထုတွေ စိတ်အားမငယ်ဖို့ ကျမပြောချင်ပါတယ်။ ကျမတို့ ရှောင်နေခြင်းဟာ ကြောက်လို့ ရှောင်နေခြင်းမဟုတ်ဘူး။ ကျမတို့ပြည်သူလူထုတွေကို ကျမတို့ကနေ ရှေ့ဆက်ပြီးတော့ အဖက်ဖက်ကနေ ရပ်တည်ပေးနိုင်ဖို့ ကျမတို့အချိန်ယူပြီး ကြိုးစားဆောင်ရွက်နေခြင်းဖြစ်တယ်ဆိုတာ ပြောချင်ပါတယ်"

စက်တင်ဘာလက စတင်ဖြစ်ပွားခဲ့တဲ့ သံဃာတော်တွေ ဦးဆောင်ဆန္ဒပြပွဲတွေကို မြန်မာစစ်အစိုးရက သွေးထွက်သံယိုနှိမ်နင်းခဲ့တဲ့နောက်ပိုင်း အာဏာပိုင်တွေက သံဃာတော်တွေနဲ့ တက်ကြွလှုပ်ရှားသူ ထောင်ချီ ဖမ်းဆီးခဲ့တာပါ။ ဒီအထဲမှာ မစုစုနွေးလို အဲန်အယ်လ်ဒီအဖွဲ့ဝင် အများအပြားလည်း ပါဝင်နေတာပါ။ မြန်မာစစ်အစိုးရကတော့ ဖမ်းဆီးထားသူအများအပြားကို ပြန်လွှတ်ပေးလိုက်ပြီး တချို့ကိုသာ ဥပဒေနဲ့မကင်းတဲ့ ပြစ်မှုတွေကြောင့် ဖမ်းဆီးထားတယ်လို့ ပြောနေတာပါ။ ဒီ့အတွက် ဖမ်းဆီးခံနေရသူ အဲန်အယ်လ်ဒီအဖွဲ့ဝင်တွေ အခြေအနေနဲ့ပတ်သက်လို့ အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်းကို မေးကြည့်ပါတယ်။

"ကျနော် ခန့်မှန်းချေတော့ အခုနောက်ဆုံးကျန်နေတာ ၁၀၀ လောက်ရှိတယ်။ ဆက်စပ်ပြီးတော့ ဖမ်းတာ။ ဒီလိုဖမ်းတာကတော့ လူ့အခွင့်အရေးကို ချိုးဖောက်ဖမ်းတာမျိုးကတော့ ဒီအရေးအခင်းမှာ ဖမ်းတာတွေအားလုံးက တခုမဟုတ်တခု ချိုးဖောက်နေတာပဲဗျ။ အခုတခါ မစ္စတာပီညဲရိုး ရောက်တဲ့အချိန်မှာ ဒီလိုဖမ်းဆီးတာ ဖြစ်နေတာတွေကတော့ လူ့အခွင့်အရေးနဲ့ပတ်သက်ပြီးတော့ လေးစားလိုက်နာမှု အလွန်အားနည်းတယ်လို့ပဲ ကျနော်ပြောချင်တယ်"

"မြန်မာပြည်အခြေအနေမှန်အား ပြည်သူလူထု အချိန်မီသိရှိနိုင်ရန်အတွက်"

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ဗဟိုသတင်းနှင့် ပြန်ကြားရေးဌာနမှ သတင်းစုဆောင်း ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

**Contact: + 66 861 946 711**
**E-mail; shwekhamauk@gmail.com**
**Web site:www.shwekhmauk.wordpress.com**

ဒီတော့ အဲန်အယ်လ်ဒီအဖွဲ့ဝင်တွေ အပါအဝင် ဖမ်းဆီးထိန်းသိမ်းခံနေရသူတွေလွတ်မြောက်ရေးအဖွဲ့ချုပ်က ဘာတွေများ လုပ်ဆောင်နေပါသလဲ။

"ကျနော်တို့ လွတ်မြောက်ဖို့ကို နိုင်ငံရေးအရဆောင်ရွက်တဲ့ အပိုင်းတပိုင်းရှိပါတယ်။ အဲဒါကတော့ ဘယ်လိုဆောင်ရွက်တယ်ဆိုတာ ကျနော်ပြောလို့မရပါဘူး။ နောက်တပိုင်းကတော့ တရားဥပဒေအရ ဆောင်ရွက်တဲ့အခါမှာ ကျနော်တို့ ကိုယ့်အဖွဲ့ဝင်တွေအတွက် (defend) လုပ်ပေးဖို့၊ ခုခံပေးဖို့ ကျနော်တို့ အမြဲတမ်းအဆင်သင့်လုပ်ထားပါတယ်"

ဒါကတော့ အဲန်အယ်လ်ဒီအဖွဲ့ဝင်တွေ ဖမ်းဆီးထိန်းသိမ်းခံထားရတဲ့ကိစ္စနဲ့ပတ်သက်ပြီး အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးဉာဏ်ဝင်း ပြောပြသွားတာဖြစ်ပါတယ်။ ■

---

## ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများ အဖွဲ့ချုပ်က မစ္စတာပင်နဲရိုးထံ စာပေးပို့

*အာအက်ဖ်အေ၊ ၁၄ နိုဝင်ဘာ၊ ၂၀၀၇*

မြန်မာပြည်သူပြည်သားများ ခံစားနေကြသည့် လူ့အခွင့်အရေး ချိုးဖေါက်ခံနေရမှုများအား စုံစမ်းဖေါ်ထုတ်၍ အကာအကွယ်ပေးနိုင်ရန် လူကြီးမင်း၏ စွမ်းစွမ်းတမံကြိုးပမ်းနေရမှုများအား မိဘပြည်သူများကိုယ်စား ကျွန်ုပ်တို့ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က အထူးကျေးဇူးဥပကာရတင်ရှိကြောင်းအစချီပြီး ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်က ၁၄၊၁၁၊၂၀၀၇ နေ့စွဲနဲ့ မစ္စတာပင်နဲရိုးဆီကို စာရေးသားပေးပို့ခဲ့ပါတယ်။

ဒီစာမှာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းပါ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များအားကိုးကားပြီး မြန်မာနိုင်ငံထဲက လူ့အခွင့်အရေးချိုးဖောက်ခံနေရတဲ့ အခြေအနေတွေကို ဖေါ်ပြထားပါတယ်။

ဒီအထဲမှာ လွတ်လပ်သောကျောင်းသားသမဂ္ဂများ ဖွဲ့စည်းလှုပ်ရှားခွင့် လုံးဝမရရှိသည့်အပြင် ဖွဲ့စည်းပါက တရားမဝင်အဖွဲ့အစည်းအဖြစ် ပုဒ်မတပ်၍ ဖမ်းဆီးထောင်ချခြင်း၊ စာဖတ်အသင်းများထူထောင်ခြင်းအား စောင့်ကြည့်ခေါ်ယူစစ်ကြောသောနည်းလမ်းများဖြင့် နှောက်ယှက်ခြင်း၊ ပိတ်ပင်ခြင်း၊ စစ်အစိုးရ ဒေါက်တိုင်အဖွဲ့အစည်းများဖြစ်သည့် ပြည်ထောင်စုကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာ ကော်မတီများဝင်ရောက်စေရန် ဖိအားပေးအကျပ်ကိုင်မှုအမျိုးမျိုးကို တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော်လည်းကောင်း အသင်းဝင်ခိုင်းခြင်းများ စတာတွေကို ဖေါ်ပြထားပါတယ်၊

ဆက်လက်ပြီး ကျောင်းသားအခွင့်အရေး လှုပ်ရှားသူများနှင့် နိုင်ငံရေးနိုးကြားသော ကျောင်းသားများအား ကျောင်းအာဏာပိုင်များနှင့် ထောက်လှမ်းရေးတို့မှ စောင့်ကြည့်ခြိမ်းခြောက်ခြင်း၊ ခေါ်ယူစစ်မေးခြင်း၊ စာမေးပွဲဖြေဆိုခွင့်အား ပိတ်ပင်ခြင်း၊ ကျောင်းမှ ထုတ်ပစ်ခြင်း၊ အင်တာနက် ကဖေးဆိုင်များတွင် နိုင်ငံရေးနှင့်ပတ်သက်သော ဝက်ဘ်ဆိုဒ်များအား ဖတ်ရှုခွင့်မပြုပဲ ဆိုပြီး အင်တာနက်မှ လေ့လာဆည်းပူးခွင့်များအား ကန့်သတ်ထိမ်းချုပ်ထားခြင်း၊ မြန်မာအရေးကိစ္စများပါဝင်သည့် နိုင်ငံတကာထုတ်မဂ္ဂဇင်းများ၊ စာအုပ်များအား တရားဝင်ကိုင်ဆောင်ဖတ်ရှုခွင့်မရခြင်း၊ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းဝင်မဖြစ်လျှင် ပညာသင်ထောက်ပံ့ကြေးဆု စကောလားရှစ်မပေးခြင်း၊ နိုင်ငံခြားပညာတော်သင်အဖြစ် မစေလွှတ်ခြင်း၊ ပြီးခဲ့သည့် စက်တင်ဘာသံဃာနှင့် လူထုလှုပ်ရှားမှုတွင် ငြိမ်ချမ်းစွာဆန္ဒပြခဲ့ကြသော ကျောင်းသားလူငယ်များအား သေနတ်ဖြင့်ပစ်သတ်ခံရခြင်း၊ (သို့မဟုတ်) ရိုက်သတ်ခံရခြင်း၊ စစ်ကြော

ရေးစခန်းများနှင့်အကျဉ်းထောင်များအတွင်း နှိပ်စက်ညှင်းပန်း၍သော်လည်းကောင်း၊ ဆေးဝါးကုသမှု လုံလောက်စွာမခံယူရ၍သော်လည်းကောင်း၊ အစာအာဟာရမပြည့်ဝ၍သော်လည်းကောင်း သေဆုံးရခြင်းတွေရှိတယ်လို့ ပါရှိပါတယ်။

တဆက်တည်းမှာ စစ်အစိုးရထောက်ခံပွဲများသို့ ဆရာ၊ ဆရာမများအပါအဝင် ကျောင်းသား၊ ကျောင်းသူများအား အတင်းအကျပ်တက်ရောက်ထောက်ခံခိုင်းခြင်း၊ ကြက်ဆူပင် စိုက်ပျိုးခြင်းများ သန့်ရှင်းရေးလုပ်အားပေးပွဲများနှင့် နိုင်ငံခြားတိုင်းပြည်များမှ အစိုးရခေါင်းဆောင်များအား ကြိုဆိုပွဲများတွင် မလိုက်မနေရ လိုက်ရခြင်း၊ ဆရာ၊ ဆရာမများအနေဖြင့် ပညာသင်ကြားရေးနှင့် မသက်ဆိုင်သည့် ကျောင်းဂိတ်ဝတံခါးများအား စောင့်ရခြင်း၊ ကျောင်းဝင်းအတွင်း အိမ်သာများပါမကျန် ကင်းလှည့်ရခြင်းစသည့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေရခြင်း၊ ဆန္ဒပြလှုပ်ရှားမှုတွင်ပါဝင်သော ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်ဝင် ကျောင်းသားခေါင်းဆောင်များမှ အချို့မှာ တရားဥပဒေမဲ့ဖမ်းဆီးချုပ်နှောင်ခံနေရခြင်း၊ အချို့မှာ လိုက်လံဖမ်းဆီး၍ ထွက်ပြေးတိမ်းရှောင်နေရခြင်း၊ ဖမ်းဆီးခံနေရသော ကျောင်းသားများအတွက် တရားဥပဒေအရ ခုခံချေပခွင့်၊ အကျိုးဆောင်ရှေ့နေ ငှားရမ်းခွင့်များမရရှိပဲ စစ်ခုံများ၊ အထူးခုံများမှ အကျဉ်းနည်းဖြင့် စစ်ဆေး၍မတရားအမိန့်ချခြင်း၊ စတဲ့အချက်တွေအပါအဝင် ကျောင်းသားတွေရဲ့ အခွင့်အရေးချိုးဖေါက်ခံနေရမှုတွေကို ဖေါ်ပြထားပါတယ်။

မစ္စတာပင်နဲရိုးအနေဖြင့် ယခုကဲ့သို့ တင်ပြမှုများအား အရေးတယူ လေ့လာစုံစမ်းအတည်ပြုပေးရန်နှင့် လူ့အခွင့်အရေး၊ ကျောင်းသားအခွင့်အရေး ချိုးဖေါက်နေမှုများအား ရပ်တန့်ကရပ်ပြီး ဆက်လက်မကျူးလွန်စေရန်အတွက် ကာကွယ်ဟန့်တားနိုင်သော နည်းလမ်းများဖြင့် ကုလသမဂ္ဂမှ အရေးယူဆောင်ရွက်ပေးနိုင်ရန်အတွက် ဆက်လက်ကြိုးပမ်းပေးပါရန် အလေးအနက် တိုက်တွန်းမေတ္တာရပ်ခံထားပါတယ်။ ■

## သံဃာတပ်ပေါင်းစု ခေါင်းဆောင် အရှင်ဂမ္ဘီရ ဖမ်းဆီးခံရခြင်း

***ဒီဗွီဘီ ၊ ၁၃ နိုဝင်ဘာ၊ ၂၀၀၇***

သံဃာဆန္ဒပြပွဲတွေကိုဦးဆောင်ခဲ့တဲ့ သံဃာ့တပ်ပေါင်းစုခေါင်းဆောင် အရှင်ဂမ္ဘီရကို မန္တလေးတိုင်း စဉ့်ကိုင်မြို့မှာ ခုလ (၄) ရက်နေ့က အာဏာပိုင်တွေက ဖမ်းဆီးသွားတယ်လို့ မိသားစုဝင်တဦးက ပြောပါတယ်။ အရှင်ဂမ္ဘီရဟာ သံဃာတော်တွေ မေတ္တာပို့သုတ်ရွတ်ပွဲနဲ့ သံဃာ့ပတ္တနိက္ကုဇ္ဇနကံဆောင်ပွဲတွေကိုဦးစီးခဲ့တဲ့ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုကြီးရဲ့ ခေါင်းဆောင်တဦးဖြစ်သလို လူထုလှုပ်ရှားမှု ကြီးကြပ်ရေးကော်မတီရဲ့ ပြောခွင့်ရပုဂ္ဂိုလ်လည်းဖြစ်ပါတယ်။ အရှင်ဂမ္ဘီရကိုဖမ်းဆီးရမိဖို့ အာဏာပိုင်တွေက မိတ္ထီလာမြို့ စက်မှုဇုံမှာနေထိုင်တဲ့ ဦးဂမ္ဘီရရဲ့ မိသားစုအိမ်ကို ထပ်တလဲလဲဝင်ရောက်ရှာဖွေခဲ့သလို မိသားစုဝင်တချို့ကို မကြာခဏခေါ်ယူစစ်မေးတာတွေ လုပ်ခဲ့ပါတယ်။ ပြီးခဲ့တဲ့ လထဲမှာပဲ ဦးဂမ္ဘီရကို မမိလို့ဆိုပြီး အစ်ကိုဖြစ်တဲ့ မကွေးတိုင်း ပေါက်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်းရေးမှူး ကိုအောင်ကျော်ကျော်ကို ဖမ်းဆီးခဲ့ပါတယ်။ အခုဆက်ပြီး အရှင်ဂမ္ဘီရ ဖမ်းဆီးခံရတဲ့ သတင်းနဲ့ပတ်သက်လို့ အစ်မဖြစ်သူ မခင်သူထွေးနဲ့ မေးမြန်း ချက်ကို ထုတ်လွှင့် ပေးပါမယ်။

"ဟုတ်ကဲ့၊ မိတာက တနင်္ဂနွေနေ့ (၄) ရက်နေ့လို့ ပြောတယ်ရှင့်၊ ကြားတာက (၇) ရက်နေ့က ကြားတာရှင့်။"

ဘယ်လိုဖမ်းမိတာလဲ ဘယ်လို အသေးစိတ်သိလဲခင်ဗျ။

"မိန်းမတယောက်က လာပြောတာဆိုတော့ အသေးစိတ်မသိရဘူးရှင့်။ အိမ်ကိုလာပြီး အကြောင်းကြားတာ ဘာညာ မရှိသေးဘူးရှင့်။ ဦးဇင်းနဲ့က အဖေရော ပါသွားတယ်ရှင့်။"

အဖမ်းခံရတာက ဦးဇင်းရော၊ ဦးဇင်းရဲ့ အဖေရောလား။

"ဟုတ်တယ်၊ ဦးဇင်းအဖေရော။ ဒါပေမဲ့ လာပြောတဲ့မိန်းမက ဦးဇင်းကို ဖမ်းမိတော့ အဖေမပါဘူးလို့ ပြောတယ်။ အဲဒါ အဖေသတင်းကလဲ လောလောဆယ် စုံစမ်းလို့မရသေးဘူး။"

အဖေရဲ့ နာမည်ကရော ဘယ်လိုခေါ်လဲခင်ဗျ။

"ဦးမင်းလွင်ပါရှင့်။ အမေက ဒေါ်ရေးရှင့်။"

အမေကတော့ အခုရှိတယ် မိတ္ထီလာမှာရှိတယ်။ မိသားစု မောင်နှမ ဘယ်နှစ်ယောက်ရှိလဲ။ အိမ်မှာ အခုက အောင်ကိုကိုလွင်ရယ်၊ လွင်မောင်မောင်ရယ်၊ လွင်လွင်မြင့်ရယ်၊ အမေရယ်ပေါ့နော်၊ လေးယောက်။ ဒါဆို အခုအဖမ်းခံရတာဆိုရင် အဖေရယ်၊ ဦးဇင်းရယ်၊ ဦးဇင်း အစ်ကိုရယ်ပေါ့ အဲလို။

"ဟုတ်တယ်ရှင့် အဲလို သုံးယောက် အဖမ်းခံရတယ်ရှင့်။"

ဟုတ်ကဲ့ အဲဒီအပေါ်မှာ ဘာပြောချင်လဲ။ သုံးယောက်တောင် အဖမ်းခံထားရတာဆိုတော့။

"သူတို့အတွက် စိတ်ပူတာပေါ့နော်။"

ဟုတ်ကဲ့ နောက်ဆုံး အသက်အန္တရာယ်အထိ စိုးရိမ်လားခင်ဗျ။

"ဟုတ်၊ အသက်အန္တရာယ်အထိ စိုးရိမ်ပါတယ်ရှင့်။"

နောက် ဦးဇင်းအကြောင်းလေးရော နည်းနည်းပြောပေးလို့ ရမလား အစ်မ။ ဆရာတော်က ဘယ်တုန်းက ဘယ်လို ဘယ်လို။

"ငါးတန်းနှစ်ကတည်းကဝတ်တာ အကြီးတန်း ပြီးပြီးသားပါရှင့်။ နိကာယ်လေးကျမ်းလဲ အောင်ပြီးသား၊ ဓမ္မာစရိယတန်း လိုက်နေတာပါရှင့်။"

ငါးတန်းနှစ်ကနေ ဘုန်းကြီးဝတ်တာနော်။ ငါးတန်းဆိုတော့ ဘယ်အရွယ်လောက်ရှိပြီလဲ အဲဒီအချိန်ကလေ။

"ငါးတန်းဆိုတော့ (၁၂) နှစ်လောက်ပဲ ရှိသေးတယ်ရှင့်။"

ဘယ်နှစ်ဝါရပြီလဲ သက်တော်ဘယ်လောက်လောက်ရှိပြီလဲဆရာတော်က။

"အခု (၂၉) နှစ်ပါရှင့်။"

ကျောင်းကျတော့ ဘယ်ကျောင်းတွေမှာနေလဲ ဆရာတော်က။

"ပထမဆုံးက အင်းစိန်ရွာမကျောင်းပါရှင့်။ ရွာမ၊ ထောက်ကြန့်တောရ၊ နောက် လှည်းကူး။ သူ့ရဲ့ မူလတန်းအောင်၊ အလတ်တန်းအောင်၊ အငယ်တန်းအောင် အဲဒီ ဟိုဟာတွေ ဂုဏ်ထူးရတဲ့ဟာတွေပေါ့နော်။ အဲဒါတွေ အကုန်လုံးသိမ်းသွားတယ်ရှင့်၊ ပြန်မရသေးဘူး။"

ထောက်လှမ်းရေးက သိမ်းသွားတာလား။

"ဟုတ်၊ ထောက်လှမ်းရေးက မန္တလေးက တပ်မှူးအောင်ကိုလို့ ပြောပါတယ်ရှင့်။ ဦးဂမ္ဘီရက ငါးတန်းနှစ်ကတည်းက ဝတ်တာပါ။ ကျောင်းစာမှာလဲ တော်ပါတယ်။ အတန်းစဉ် ပထမချည်း ရခဲ့တာပါ။ သူ ဒီသာသနာကို ပျော်ပိုက်လို့သာ ဝတ်သွားတာပါရှင့်။ အတုအယောင် မဟုတ်ပါဘူးရှင့်။ သံဃာ အစစ်ပါ။ အစ်မ ဓမ္မာစရိယတန်း လိုက်နေပါပြီရှင့်။ နိကာယ်လေးကျမ်းလဲ အောင်ပြီးပါပြီရှင့်။ အခုဟာ သူမနေသာလို့သာ စာဝါကို ဆက်မလိုက်ပဲနဲ့ တိုင်းရေး ပြည်ရေးအတွက် လုပ်နေတာပါရှင့်။ ဦးဇင်းနဲ့တကွ အခုတိုက်ပွဲဝင် နေကြတဲ့သူတွေဟာ ငြိမ်းချမ်းစွာနဲ့ဆန္ဒပြခဲ့ကြတာပါ။ အကြမ်းဖက်သမားတွေလဲ မဟုတ်ပါဘူး။ လက်နက်ကိုင်ထားတဲ့သူတွေလဲ မဟုတ်ပါဘူးရှင့်။ ကုလသမဂ္ဂကိုလဲ ပြောချင်ပါတယ်။ ဒီလိုကိစ္စတွေကို သွေးအေးမနေပဲနဲ့ အမြန်ဆုံးဆောင်ရွက်ပေးပါလို့၊ အခု ဒေါ်အောင်ဆန်းစုကြည်ကလဲ သူတို့နဲ့ တွေ့ဆုံဆွေးနွေးနေပါတယ်။ အဲဒီအချိန်မှာ နောက်ထပ်ဖမ်းတာဆီးတာတွေလဲ မလုပ်သင့်တော့ပါဘူး။ အဲဒါကြောင့် ဆရာတော်နဲ့တကွ အဲဒီ ဖမ်းထားတဲ့သူတွေ၊ ပြည်သူလူထုတွေ၊ ကျောင်းသူကျောင်းသားတွေ၊ ဒေါ်အောင်ဆန်းစုကြည်ရောအားလုံးကို ပြန်လွှတ်ပေးသင့်ပါတယ်ရှင့်။"ဒါကတော့ အရှင်ဂမ္ဘီရရဲ့ ညီမဖြစ်သူ မခင်သူထွေး နဲ့မေးမြန်းခဲ့တာပါ။ ဒီဗွီဘီက သီးခြားစုံစမ်းချက်တွေအရဆိုရင် အခုလ (၇) ရက်နေ့မှာ အရှင်ဂမ္ဘီရကို အင်းစိန်သီးသန့်ထောင်ကို ပို့ခဲ့တယ်လို့ သိရပါတယ်။ လောလောဆယ် ကုလသမဂ္ဂလူ့အခွင့်အရေးစုံစမ်းသူ မစ္စတာ ပီညဲရိုး အင်းစိန်ထောင်ကိုသွားရောက် မကြည့်ခင်တရက်မှာပဲ အရှင်ဂမ္ဘီရကို ထောင်ထဲကနေ စစ်ကြောရေးစခန်းတခုကို ပြန်ခေါ်ထုတ်သွားတယ်လို့ ထောင်နဲ့ နီးစပ်သူတွေက ပြောပါတယ်။ အရှင်ဂမ္ဘီရနဲ့အတူ အမည်မသိ ဆရာတော်တပါးကိုလဲ ထောင်ထဲကနေ စစ်ကြောရေးစခန်းတခုကို ပြန်ခေါ်သွားတယ်လို့ သိရပါတယ်။ အခုိကကတော့ ပီညဲရိုးနဲ့ပေးမတွေ့စေချင်တဲ့သဘောလို့လဲ ထောင်နဲ့နီးစပ်သူတွေက ပြောပြပါတယ်။ အရှင်ဂမ္ဘီရ ဖမ်းဆီးခံရတဲ့နေ့ အခု လ (၄) ရက်နေ့ကပဲ ဆရာတော်ရဲ့ ဆောင်းပါးတွေကို ဝါရှင်တန်ပို့စ်အပါအဝင် နိုင်ငံတော်တော်များများက သတင်းစာတွေမှာ အကျယ်တဝင့် ဖော်ပြခဲ့ပါတယ်။ ■

## အရှင်ဂမ္ဘီရကို ဖမ်းဆီးတာဟာ သံဃာထုကို စိန်ခေါ်တာဖြစ်လို့ လက်တုန့်ပြန်ခံရမယ်လို့ သံဃာ့တပ်ပေါင်းစုက သဘောထားထုတ်ပြန်

*အာအက်ဖ်အေ၊ ၁၄ နိုဝင်ဘာ၊ ၂၀၀၇*

သံဃာ့တပ်ပေါင်းစု ဦးဆောင်ဆရာတော်တပါးဖြစ်တဲ့ အရှင်ဂမ္ဘီရကို ဖမ်းဆီးလိုက်တာဟာ သံဃာထုကို စိန်ခေါ်လိုက်တာဖြစ်တဲ့အတွက် သံဃာထုရဲ့ လက်တုန့်ပြန်မှုကို မလွဲအသွေခံရမှာဖြစ်ကြောင်း သံဃာ့တပ်ပေါင်းစုကနေ ကြေညာချက် ထုန်ပြန်လိုက်ပါတယ်။

သံဃာ့တပ်ပေါင်းစုဆရာတော် ဦးဂမ္ဘီရကို စစ်အစိုးရတပ်တွေက ဖမ်းဆီးမိသွားတဲ့အတွက် မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာတပ်ပေါင်းစုအနေဖြင့် များစွာစိတ်မကောင်း ဖြစ်မိတယ်လို့ အစချီရေးသားထားပါတယ်။

အဓမ္မမှုများကိုတိုက်ဖျက်ဖို့ သံဃာတပ်ပေါင်းစုမှာ ဦးဂမ္ဘီရလို ရဲရင့်ထက်မျက်တဲ့ သံဃာတော်တွေအများအပြားရှိသေးကြောင်း စစ်အစိုးရကို အသိပေးလိုက်တယ်လို့လည်း ဒီကြေညာချက်မှာ ဖေါ်ပြထားပါတယ်။

အကျဉ်းထောင်တွေထဲမှာ ဆရာတော်တွေကို ညှင်းပန်းနှိပ်စက်တာတွေ လုံးဝမပြုလုပ်ဖို့၊ ဆရာတော်တွေကို ချက်ချင်းလွှတ်ပေးဖို့ သံဃာ့တပ်ပေါင်းစုအနေနဲ့ အလေးအနက်တောင်းဆိုလိုက်တယ်လို့လည်း ပါရှိပါတယ်။

ဆက်လက်ဖေါ်ပြထားတာက မြန်မာနိုင်ငံမှာ သာသနာညှိုးနွမ်းအောင် သံဃာတော်တွေကို ဖမ်းဆီးထောင်ချတာ၊ ညှင်းပန်းနှိပ်စက် သတ်ဖြတ်တာတွေကို ချက်ချင်းရပ်တန့်ဖို့နဲ့ အကျဉ်းထောင်အသီးသီးမှာရှိတဲ့ သံဃာတော်တွေကို ချွင်းချက်မရှိအမြန်ဆုံးပြန်လွှတ်ပေးဖို့ နအဖ စစ်အစိုးရကို သံဃာထုမှ တောင်းဆိုလိုက်ကြောင်းကိုလည်း ဒီသံဃာ့တပ်ပေါင်းစုရဲ့ ကြေညာချက်မှာ ဖေါ်ပြထားပါတယ်၊

ဒီကိစ္စနဲ့ပတ်သက်ပြီး သံဃာတပ်ပေါင်းစု ပြောရေးဆိုခွင့်ရှိသူ ဆရာတော်တပါးဖြစ်တဲ့ ဦးစန္ဒက အခုလို မိန့်ကြားပါတယ်။

"ဦးဇင်းတို့ သံဃာ့တပ်ပေါင်းစု အင်မတန်ခိုင်ခိုင်မာမာဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းဖြစ်တယ်။ ပြည်ထဲမှာလည်း လက်ရှိတိမ်းရှောင်နေတဲ့ သံဃာတော်တွေအများကြီးရှိပါတယ်။ ဦးဇင်းတို့အနေနဲ့ အင်မတန် အင်အားသုံးပြီး၊ အကြမ်းဖက်ပြီးလိုက်လံပြီး နှိမ်နင်းတဲ့အတွက်ကြောင့်သာ ခေတ္တလုပ်ငန်းပိုင်းဆိုင်ရာတွေ အဆက်အသွယ်တွေပြတ်နေတာပါ။ အဆက်အသွယ်တွေပြန်ရပါပြီ၊ နအဖ စစ်အစိုးရကိုပြန်ပြီးတော့ ဖိအားပေးနိုင်တဲ့ အနေအထားတွေရရှိအောင် ပြန်လည်ကြိုးစားမှာ ဖြစ်ပါတယ်။ ခေါင်းဆောင်သံဃာတွေက ဒီဖက်မှာရောက်လာတဲ့ သံဃာတွေရှိသလို၊ အထဲမှာလည်း အများကြီးအဆက်အသွယ်တွေရှိသေးတယ်၊ နောက်ပြီးတော့ အဖမ်းမခံရသေးပဲ လွတ်မြောက်နေတဲ့ သံဃာတွေရှိသေးတယ်လို့ ပြီးခဲ့တဲ့ တရက် နှစ်ရက်က သိရပါတယ်၊ အဲတော့ ဒီအတွက်ကိုလည်း ဆက်လက်လှုပ်ရှားဖို့ အစီအစဉ်တခုအနေနဲ့ ဆန္ဒရှိတယ်။ အစီအစဉ်လည်းရှိတဲ့အတွက်ကြောင့် နေ့လည်က ဆွေးနွေးတိုင်ပင်ဖြစ်ကြပါတယ်။" ■

---

## ဒေသအသီးသီးမှ သံဃာ့တပ်ပေါင်းစု အဖွဲ့ခွဲတွေကို ဖွဲ့စည်းခွင့်ပြု

*အာအက်ဖ်အေ၊ ၁၈ နိုဝင်ဘာ၊ ၂၀၀၇*

မိမိတို့ဒေသအသီးသီးမှ သံဃာ့တပ်ပေါင်းစု အဖွဲ့ခွဲတွေ ဖွဲ့စည်းခွင့်ပြုကြောင်း မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုက နိုင်ဝင်ဘာ (၁၇)ရက်နေ့စွဲနဲ့ ကြေညာလိုက်ပါတယ်။ စက်တင်ဘာ သံဃာ့ဆန္ဒပြပွဲတွေကြောင့် နေရပ်ပြန်ကြရတဲ့ သံဃာတော်တွေက မိမိတို့ဒေသတွေမှာ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစု အဆင့်ဆင့်အဖွဲ့အစည်း ဖွဲ့စည်းလိုတယ်လို့ လျှောက်ထားတောင်းပန်လာကြတာက တစ်ကြောင်း၊ မကြာခဏ ဖမ်းဆီးခံခဲ့ရတဲ့ အရှင်ဦးဂမ္ဘီရရဲ့ မှာကြားချက်ကြောင့်တစ်ကြောင်း ခုလို ဖွဲ့စည်းခွင့်ပြုလိုက်တာလို့ သံဃာ့တပ်ပေါင်းစု ကြေညာချက်မှာ ပါရှိပါတယ်။

သံဃာတွေနေရာအနှံ့ရောက်ရှိနေတဲ့အတွက် ဒီလိုဖွဲ့စည်းရတာ မလွယ်ကူပေမယ့် ဖွဲ့စည်းရတဲ့အကြောင်းရင်းနဲ့ လက်ရှိ သံဃာ့တပ်ပေါင်းစုမှာ ပါဝင်တဲ့ဆရာတော်တွေအကြောင်းကို သံဃာ့တပ်ပေါင်းစု ယာယီပြောခွင့်ရ ဆရာတော် ဦးခေမာနန္ဒက နယ်စပ်တနေရာကနေ အာအက်ဖ်အေကို အခုလို မိန့်ကြားပါတယ်။

"ဘယ်အရာမှမလွယ်ပေမဲ့လည်း ဦးဇင်းတို့ကတော့ အခုလောလောဆယ် အဖမ်းခံနေရတဲ့ သံဃာ့တပ်ပေါင်းစု ဆရာတော်ဦးဂမ္ဘီရကိုယ်တိုင်က ဒီအဖွဲ့ကြီးဟာ မပျက်စီးသွားရအောင် သူကဖွဲ့ပါဆိုတဲ့ ပုံစံမျိုးနဲ့ပြောထား တာတွေ အများကြီးရှိပါတယ်။ အဲဒါကြောင့် ဦးဇင်းတို့က ဖွဲ့တာဖြစ်ပါတယ်။ အဓိက လောလောဆယ် နယ်စပ်ကိုရောက်နေတဲ့ သံဃာတွေရယ်၊ နယ်စပ်မှာလှုပ်ရှားနေတဲ့ သံဃာတွေရယ်ပြီးတော့ ပြည်တွင်းက ချိတ်ဆက်လို့ရတဲ့သံဃာတွေရယ် ပေါင်းပြီးတော့မှ ဖွဲ့ထားတာပါ။ ပြည်တွင်းထဲ အဓိက အများဆုံးပါ။"

အဲဒီအဖွဲ့ခွဲတွေဖွဲ့စည်းရာမှာ အနည်းဆုံးသံဃာငါးပါးတကယ်လို့ သံဃာငါးပါးမရှိရင် သံဃာတပါး လူဒကာလေးယောက်နဲ့ သင့်တော်သလို ဖွဲ့စည်းနိုင်တယ်လို့ ဖေါ်ပြထားပါတယ်။ အဲဒီလို ဖွဲ့စည်းတဲ့အခါ ဥက္ကဌနဲ့အတွင်းရေးမှူးစတာတွေကို မရွေးချယ်ပဲ မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုရဲ့မူအတိုင် ပြောရေးဆိုခွင့်ရှိသူတပါး ဒါမှမဟုတ် နှစ်ပါး ရွေးချယ်ဆောင်ရွက်ကြဖို့ ကြေညာချက်မှာ ညွှန်ကြားလျှောက်ထားပါတယ်။

မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုရဲ့ အဓိကရည်ရွယ်ချက်ဟာ အဓမ္မကိုတိုက်ဖျက်ဖို့ဖြစ်ပြီး တရားမျှတမှု၊ ငြိမ်းချမ်းမှုနဲ့ ပြည့်စုံတဲ့ ဓမ္မလမ်းကြောင်းပေါ် လျှောက်လှမ်းဖို့ ဖြစ်ပါတယ်။ ဒါကြောင့် အဓမ္မမှုတွေကို အဖွဲ့ဝင်တွေက မှတ်တမ်းတင် သတင်းပေးပို့ဖို့လည်း ကြေညာချက်မှာ တိုက်တွန်းထားပါတယ်။ ■

---

## အဖွဲ့ချုပ်ဝင်နှင့် (၈၈)မျိုးဆက်ကျောင်းသားများကို ပုဒ်မ (၅/ည)နှင့် စွဲချက်တင်

*ဒီဗွီဘီ ၊ ၁၃ နိုဝင်ဘာ၊ ၂၀၀၇*

သံဃာ့ဆန္ဒပြပွဲတွေနဲ့ပတ်သက်ပြီး ဖမ်းဆီးထားတဲ့ ရောဝတီတိုင်း ဖျာပုံမြို့နယ် အဖွဲ့ချုပ်စည်းရုံးရေးမှူး ကိုသိန်းဆွေနဲ့အတူ (၈၈) မျိုးဆက်ကျောင်းသား အတော်များများကို ပုဒ်မ (၅/ည)နဲ့ စွဲချက် တင်ထားတယ်လို့ ကိုသိန်းဆွေရဲ့ဖခင် ဦးမင်းဆွေက ဒီဗွီဘီကို ပြောပြပါတယ်။ အခုလ (၉) ရက် နေ့က အင်းစိန်ထောင်မှာ ကိုသိန်းဆွေအတွက် အစားအစာနဲ့ဆေးဝါး သွားပေးစဉ် ဒီကိစ္စကိုသိခဲ့ရတာလို့ သူကဆိုပါတယ်။ ပုဒ်မ (၅/ည) နဲ့ တရားစွဲထားတဲ့အထဲမှာ ကိုသိန်းဆွေနဲ့အတူ မင်းကိုနိုင်၊ ကိုကိုကြီး၊ လေးလေးမွန် စတဲ့ (၈၈) မျိုးဆက်ကျောင်းသား ကျောင်းသူတွေ ပါဝင်တယ်လို့လဲ ဦးမင်းဆွေက ပြောပြပါတယ်။

"အရေးပေါ် (၅/ည) တော့ တပ်ထားတယ်ဗျ။ အဲဒီမှာ ကျနော် သွားကြည့်တဲ့အခါကျတော့ စာရင်းကို သူတို့ဖတ်ပြီးတော့ သူတို့ပြတယ်။ ကျနော်က သိချင်လို့မေးတဲ့အခါကျတော့ သူတို့ကနေ စာရင်းတွေကို ကျနော့်ကို ပြတဲ့အခါကျတော့ အားလုံးကိုအရေးပေါ် (၅/ည) နဲ့ တပ်ထားပါတယ်။ တွေ့ခွင့်ရတဲ့ လူတွေအားလုံးကို အရေးပေါ် (၅/ည) တပ်ထားတယ်။ ပစ္စည်းပေးဖို့ ခွင့်ပြုတဲ့ လူတွေအားလုံးကို အရေးပေါ် (၅/ည) ကြီးပဲ ရိုက်ထားတာတွေ့ရပါတယ်။ အဲဒီနေ့က ကျနော်သွားတွေ့တာဆိုရင် ကျနော် သိရသလောက်တော့ လေးလေးမွန် မိန်းကလေးပေါ့လေ။ နောက် ညနေပိုင်းမှာကတော့ ကျနော် ပြန်လာတဲ့အချိန်မှာ ကိုကိုကြီးတို့ မင်းကိုနိုင်တို့ သူတို့အုပ်စုတွေကို သွားပေးကြတယ်။ သူက အဲဒီ ပစ္စည်းပေးဖို့ရတဲ့ စာရင်းတွေကို သူက ရိုက်ထားတာ ရှိတယ်။ အဲဒီ ရိုက်ထားတဲ့အထဲမှာပါတဲ့လူတွေအားလုံးကတော့ အရေးပေါ် (၅/ည) ကြီးပဲ။ သူ့အတွက်ကြည့်တော့ ဘေးမှာ ပုဒ်မတပ်ထားတာတွေ အားလုံးက တညီတည်းတပ်ထားတာပဲ။ တဦးချင်းတော့ ကျနော် မကြည့်မိလိုက်ဘူးဗျ အဲဒါတော့။" အင်းစိန်ထောင်မှာ ဖမ်းဆီးခံထားရတဲ့ ကိုသိန်းဆွေရဲ့ဖခင် ဦးမင်းဆွေ ပြောပြသွားတာ ဖြစ်ပါတယ်။

စက်တင်ဘာလ (၂၄) နဲ့ (၂၅) မှာ ဆန္ဒပြပွဲတွေမှာ ပါဝင်ခဲ့တာကြောင့် အာဏာပိုင်တွေက ကိုသိန်းဆွေကို အောက်တိုဘာလ (၂၂) ရက်နေ့မှာ လာရောက်ဖမ်းဆီးသွားတာ ဖြစ်ပါတယ်။ ဖခင်ဖြစ်သူ ဦးမင်းဆွေကတော့ ဆန္ဒပြပွဲတွေမှာပါဝင်တာဟာ ရာဇဝတ်မှုကျူးလွန်တာ မဟုတ်တဲ့အတွက် ဖမ်းထားသူအားလုံးကို ပြန်လွှတ်ပေးသင့်တယ်လို့ အခုလို တောင်းဆိုသွားပါတယ်။

"ကျန်းမာရေးအခြေအနေကတော့ ကောင်းတယ်လို့ပဲ သတင်းကြားပါတယ်။ အားလုံး ဟုတ်ကဲ့။ လောလောဆယ်တော့ ကျနော်တို့ အဲဒီက ပစ္စည်းပို့လို့ရတာပဲ ရှိတယ်။ တယောက်နဲ့တယောက်တော့ တွေ့ခွင့်မရသေးဘူး။ ကျနော် (၉) ရက်နေ့က သွားပို့ပါတယ်ခင်ဗျ။ စားဖို့၊ သောက်ဖို့ပေါ့။ နောက်ပြီးတော့ အဲဒီနေ့မှာပဲ သူ့ဆီကနေပြီးတော့ မှာတဲ့အမှာစာတွေ သူတို့အပြင်ကို ရုံးက ထုတ်ပေးတယ်လေ။ အမှာစာ မှာတာကတော့ အောက်ကခင်းအိပ်ဖို့ အိပ်ယာခင်း အဟောင်းတခု၊ နောက်တခါ စောင်တထည် နောက်တခါ ရေခွက်တခု၊ လောလောဆယ်တော့ အဲဒီ အသုံးအဆောင် ပစ္စည်းပါပဲ။ နောက် အစားအသောက်ကတော့ ကျနော်တို့ ရေရှည်ခံတဲ့အစား အသောက်တွေ ကျနော်တို့ ပို့ပေးရပါတယ်။ နောက်ပြီးတော့ သူပါလာတာကတော့ ကျနော်တို့မှာ နှစ်ရက်ပေါ့လေ။ (၂၄) (၂၅) ရက်မှာ ဘုန်းကြီးတွေနဲ့သူလိုက်သွားပြီးပြီ။ ဒါတခုပဲ ရှိပါတယ်။ ကျနော်ကတော့ စိုးရိမ်ပူပန်တယ်ဗျ။ ဒီကိစ္စကတော့ သူ အခုနကလို ရာဇဝတ်မှုလဲကျူးလွန်တာ မဟုတ်ဘူး။ နောက်တခုကလဲ သူ အကြမ်းဖက်မှုကိစ္စလဲ သူပါဝင်တာ မဟုတ်ဘူး။ အေးအေးဆေးဆေး သူ (၂၄) (၂၅) နောက်ပိုင်းမှာ လိုက်သွားတာပဲ ရှိတယ်။ သံဃာတွေနဲ့ လိုက်သွားတဲ့အတွက်ကြောင့် သူ ဒီလို အထိန်းသိမ်းခံရတယ်လို့ ကျနော် မြင်တယ်လေ။ ကျနော်တို့ကတော့ ဒါဟာအမြန်ဆုံး ကျန်တဲ့ လွှတ်ပေးတဲ့ ပုဂ္ဂိုလ်တွေလို အမြန်ဆုံး ပြန်လည်ပြီးတော့ လွှတ်ပေးသင့်တယ်လို့ ဒီလိုပဲ ယူဆပါတယ်။" ကိုသိန်းဆွေရဲ့ ဖခင် ဖျာပုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဦးမင်းဆွေ ပြောပြသွားတာ ဖြစ်ပါတယ်။

ဖျာပုံမြို့နယ် အဖွဲ့ချုပ်စည်းရုံးရေးမှူး ကိုသိန်းဆွေဟာ နိုင်ငံရေးအကျဉ်သားဟောင်း တဦးဖြစ်ပြီး၊ ဒေါ်အောင်ဆန်းစုကြည် နိုဗယ်ဆုရရှိတဲ့ (၁၉၉၁) ခုနှစ်က တကြိမ် (၁၉၉၈) ခုနှစ်က တကြိမ် နှစ်ကြိမ်တိတိ ထောင်နှစ်ရှည် ချမှတ်ခံခဲ့ရပါတယ်။ အခုတကြိမ်ဟာ တတိယမြောက် ဖမ်းဆီးခံရမှု ဖြစ်ပါတယ်။ ■

– – – – – – – – – – – – – – – – – –

# အင်းစိန်ထောင်မှ နိုင်ငံရေးအကျဉ်းသား [၆] ဦး ပြန်လွှတ်ခြင်း အပိုင်း [၁]

*ဒီဗွီဘီ ၊ ၁၅ နိုဝင်ဘာ၊ ၂၀၀၇*

အင်းစိန်ထောင်က နိုင်ငံရေးအကျဉ်းသား (၆) ဦးကို အာဏာပိုင်တွေက ဒီကနေ့ ပြန်လွှတ်ပေးလိုက်ပါတယ်။ ပြန်လွှတ်လာသူတွေကတော့ တကိုယ်တော် ဆန္ဒပြမှုနဲ့ ဖမ်းဆီးထောင်ချခံထားရသူ (၃) ဦးနဲ့ တခြားလှုပ်ရှားမှုတွေနဲ့ ဖမ်းဆီးခံရ သူ (၃) ဦးတို့ဖြစ်ပါတယ်။ တကိုယ်တော်ဆန္ဒပြမှုနဲ့ ဖမ်းဆီးထောင်ချခံရပြီး ပြန် လွှတ်လာသူတွေကတော့ ဒုတိယနှစ်ဥပဒေကျောင်းသား ကိုသက်နောင်စိုး၊ ကိုဖုန်း အောင်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်အဖွဲ့ဝင် ကိုထွန်းလင်းကျော်တို့ ဖြစ်ပါတယ်။

တခြားလှုပ်ရှားမှုတွေနဲ့ ဖမ်းဆီးခံရသူတွေကတော့ ဒလမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်လူငယ်စည်းအဖွဲ့ဝင် ကိုသိန်းနိုင်ဦး၊ ကိုကျော်တင်၊ မောင်မြင့်နဲ့ မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်က မရီရီဝင်းတို့ ဖြစ်ပါတယ်။ ပြန်လွှတ်လာသူ (၆) ဦးအနက်က ကိုသက်နောင်စိုးကတော့ စိတ်ပိုင်းဆိုင်ရာချို့ယွင်းနေပြီး၊ ဘာကိုမှ မှတ်မိပြောဆိုနိုင်ခြင်း မရှိတော့ပါဘူး။ ကိုသက်နောင်စိုးဟာ (၂၀၀၂) ခုနှစ် ဩဂုတ်လ (၁၈) ရက်နေ့ မြို့တော်ခန်းမရှေ့ ဆန္ဒပြမှုနဲ့ ဖမ်းဆီးခံခဲ့ရပြီး ထောင် (၁၄) နှစ်ချမှတ် ခံခဲ့ရပါတယ်။ စစ်ကြောရေးစခန်းက ညှဉ်းပန်းနှိပ်စက်မှုတွေကြောင့် စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းခဲ့ရပါတယ်။ ထောင်တွင်း ဆေးဝါးကုသမှုတွေ မရခဲ့တာရယ်၊ မိသားစုဆွေမျိုးတွေက ထောင်ဝင်စာလာမတွေ့တာတွေကြောင့် အခြေအနေပိုဆိုးလာခဲ့ရတယ်လို့ ဒီကနေ့ ပြန်လွှတ်လာသူတွေက ပြောပါတယ်။ ဒီကနေ့ ပြန်လွှတ်လာတဲ့ ကိုသက်နောင်စိုးဟာ သူ့မိဘတွေ အမည်နဲ့ လိပ်စာကိုတောင် ပြောနိုင်ခြင်း မရှိတော့ပါဘူး။ အဲဒီအတွက် လောလောဆယ်မှာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နဲ့ နိုင်ငံရေးအကျဉ်းသားဟောင်းတွေက ကူညီပေးထားပြီး၊ မုံရွာမြို့က ကိုသက်နောင်စိုးရဲ့ မိဘတွေနဲ့ အဆက်အသွယ်ရဖို့ ကူညီပေးထားရတယ်လို့ ဒီကနေ့ ပြန်လွှတ်လာသူတွေက ပြောပါတယ်။ အခုဆက်ပြီး ဒီကနေ့ ပြန်လွှတ်လာသူတွေထဲက မရီရီဝင်းနဲ့ မေးမြန်းချက်ကို ထုတ်လွှင့်ပေးပါမယ်။

"ကျမ ရီရီဝင်းပါ။ ရောဂါဖြစ်ပြီးတော့ နားကလဲ မကြားရတော့ပါဘူး။ နားလဲ နည်းနည်း လေးနေတယ်။ ကျမက (၂၀၀၄) ခုနှစ် (၆) လပိုင်းမှာ တရားမဝင် အဖွဲ့အစည်းနဲ့ ဆက်သွယ်တယ်ဆိုပြီးတော့ ကျမတို့အားလုံး လေးယောက် ဖမ်းပါတယ်။ လေးယောက်ဖမ်းတဲ့အချိန်မှာ ကျမတယောက်ပဲ ဒီနေ့မနက် လွှတ်လာတယ်။ ကျမ အမှုတွဲသုံးယောက် ကျန်နေခဲ့ပါတယ်။"

ကျန်နေတဲ့ အမှုတွဲသုံးယောက်က ဘယ်သူတွေလဲ ခင်ဗျ။

"ကျန်ခဲ့တဲ့ အမှုတွဲသုံးယောက်က ဦးတင်မြင့်ရယ်၊ မောင်စံရရယ်၊ မစန်းစန်းမြင့် ခေါ် မဌေးရယ်။ ထောင်က ကျမတို့က (၇) နှစ် ကျပါတယ်။ တပေါင်းတည်း (၇) နှစ်၊ (၇) နှစ်ကို ကျမတို့ အခု သုံးနှစ်ခွဲ နေရတယ်။"

ဟုတ်ကဲ့ အင်းစိန်ထောင်မှာပဲလား ခင်ဗျ။

"ဟုတ်ကဲ့ အင်းစိန်ထောင်မှာပါပဲ။"

ဟုတ်ကဲ့ ဖမ်းတုန်းကရော၊ မရီရီဝင်းတို့ စစ်ကြောရေးမှာတုန်းက ဘယ်လိုမျိုးရှိလဲ။ အေးအေး ဆေးဆေး စစ်သလား။ ညှဉ်းပန်းနှိပ်စက်မှုတွေ ကြုံခဲ့ရလား ခင်ဗျ။

"ကျမ အမှုတွဲ ကောင်လေးကပေါ့နော်။ ကျမတို့က ဖားအံကို အရင် ပို့တယ်။ ကျမနဲ့ ကျမသမီးလေးနဲ့ပေါ့နော်။ အခု နော်ဝေကို ရောက်သွားတဲ့ ကျမ သမီးလေးနဲ့ပေါ့။ ကျမရဲ့ မိသားစု နော်ဝေ ရောက်သွားတာ။ ကျမရဲ့ သမီးလေး မနိုဘယ်ဝင်း။ အဲဒီ သမီးလေးနဲ့ ကျမနဲ့ဖမ်းသွားပြီးတော့

ကျမ ကလေးတွေကို ထောက်လှမ်းရေးလက်ထဲမှာ ထားခဲ့တယ်။ ထားခဲ့ပြီးတော့ ကျမတို့ကို ထောက်လှမ်းရေး (၂၆) က ခေါ်တယ်။ ပြောတာဆိုတာတွေက သိပ်ပြီးတော့ အဆင်မပြေတဲ့အတွက် ကျမဆိုလို့ရှိရင် ပုံစံထိုင်ခုံပေါ် ထိုင်ခဲ့ရတယ်။ အဲဒီရဲ့ အကျိုးဆက်ကြောင့် ကျမလဲ အခု နှလုံးရောဂါတွေ ဘာတွေ ဖြစ်သွားပြီ။ မောင်စံရဆိုလို့ရှိရင် သူကိုယ်တိုင်လဲ ပြောတယ်။ သူကတော့ အတော်လေး အနှိပ်စက်ခံရတယ်တဲ့။"

နောက် ထောင်ထဲမှာရော ဘယ်လို နေခဲ့ရလဲ ခင်ဗျ။

"ထောင်ထဲမှာ အဲလိုနေရင်းက နေပြီးတော့ပေါ့နော် ကျွန်မလဲ ရောဂါဖြစ်လာတယ်။ ဒီလိုထောင်ဝင်စာတွေ ဘာတွေ ဆွေမျိုးသားချင်းတွေ တွေ့ခွင့်မရှိတော့ ထောင်ဝင်စာမရှိတဲ့အတွက် အများကြီးတော့ ဒုက္ခ ရောက်တယ်ပေါ့နော်။ ကျွန်မတို့တော့ ဒီအမှုတွဲ ဒီငါးညပုဒ်မတွေအချင်းချင်းက နေပြီးတော့ ရွေးတာတွေနှင့်ပဲ သုံးနှစ်ခွဲတိတိ ရပ်တည်ခဲ့ရတယ်။"

ဟုတ်ကဲ့ ဒီနေ့လွှတ်မယ်ဆိုတာတွေကရော ဘယ်လိုပုံစံမျိုး နှင့် လွှတ်ပေးမှာလဲသူတို့က။

"ဟုတ်ကဲ့၊ ဒီနေ့ မနက်မှာ ဒီနေ့မနက် ခြောက်နာရီလောက် ပေါ့နော် ပစ္စည်းတွေသိမ်းလို့ပြောတယ်။ ပစ္စည်းတွေသိမ်းဆိုတာက လက်ခံနေကြ လူရှိရင် အဆောင်တွေဘာတွေပေါ့၊ အခြားပုဒ်မတွေ နှင့်ရောထားလို့ အဲလိုမျိုး ခေါ်တယ်လို့ ထင်တယ်ပေါ့နော်။ သူတို့က အဲဒီလို ပစ္စည်းတစ်ခုသိမ်းဆိုတာကလည်း ပစ္စည်းတွေသိမ်းသွားတယ်။ သိမ်းသွားတဲ့အခါမှာလဲ ထောင်ပိုင်နှင့်တွေ့မယ်ဆိုပြီးတော့မှ ကျွန်မတို့က လွှတ်တယ်ဆိုတာသိရတာ။"

လက်မှတ်တွေဘာတွေ ထိုးရတာကကော ရှိလားခင်ဗျ။ ဘယ်လို ထိုးပေးရလဲခင်ဗျ။

"ကျွန်မတို့ပေါ့နော် အခု အခုလွှတ်လိုက်တဲ့ ဥစ္စာကပေါ့နော်၊ ဖိုးအင်ဝမ်းနှင့်လွှတ်တယ်တဲ့။ လွှတ်ပြီးလို့ရှိရင်တဲ့ အဲဒါဟာ နောက်တကြိမ်ပြန်ပြီးတော့ တွေ့လို့ရှိရင်တဲ့ ဒီဥစ္စာနှင့် တပေါင်းတည်းထပ်ပြီးတော့ ကျခံရမယ်ဆိုတာကို ပြောတယ်ကျွန်မကို။"

ဒီနေ့ဒီ မရီရီဝင်းနှင့်လွှတ်တာ ဘယ်နှစ်ယောက်လောက်ရှိလဲ ခင်ဗျ။ ဘယ်နှစ်ယောက်လောက်တွေ့ခဲ့လဲ ဒီနေ့လွှတ်တဲ့ထဲမှာလေ။

"တခြားပုဒ်မတွေကတော့ အမျိုးသမီး (၁၅) ယောက် ကျမ အပါ အဝင်ပေါ့လေ။ ယောကျ်ားလေးကတော့ (၆၀) လောက်တော့ရှိမယ်။ ကျမတို့ (၅/ည) ကတော့ ယောကျ်ားလေး ငါးယောက်နဲ့၊ မိန်းခလေး တယောက်ပဲ လွှတ်တယ်။ ဒီ ပုဒ်မတွေနဲ့ ရောပြီးတော့ လွှတ်တာပေါ့နော်။"

သြော် ဒီနေ့လွှတ်တဲ့အထဲမှာ နိုင်ငံရေးပုဒ်မနဲ့က ခြောက်ယောက်ပဲ ရှိတာပေါ့။ သံဃာ့ဆန္ဒထုတ်ဖော်ပွဲနဲ့ ပတ်သက်ပြီး အဖမ်းခံရတဲ့ (၈၈) မျိုးဆက်ကျောင်းသူ ခေါင်းဆောင်တွေနဲ့ရောတွေ့ခဲ့လား ခင်ဗျ။

"တွေ့ခဲ့ပါတယ်။ ကျမတို့နဲ့ မနီးမဝေးမှာပဲ ထားတဲ့အတွက် သူတို့ကို အမြဲတမ်း စစ်ကြောရေး ထုတ်နေတဲ့အချိန်မှာ ကျမတို့ရဲ့ ဘေးနားကနေ ဖြတ်ဖြတ်သွားရတာပေါ့နော်။ အဲဒီအတွက် သူတို့ကို ကျမတို့ တွေ့ပါတယ်။ ဒီနေ့မနက်မှာလဲ တခြားတိုက်မှာထားတဲ့ ကျောင်းသူလေးတွေလဲ တွေ့ခဲ့ပါတယ်။ ဒီနေ့မနက် ကျမတို့ကို လွှတ်ဖို့လာခေါ်တဲ့အခါ မှာ တွေ့ခဲ့တယ်။"

ဘယ်သူတွေမှန်း သိခဲ့လား ခင်ဗျ။ ဘယ်သူတွေ ဘယ်သူတွေ လို့။

"ကျမတို့နဲ့ မနီးမဝေး တိုက်မှာကျတော့ နီးနီးရယ်၊ မီးမီးရယ်၊ သရဖီသိမ့်သိမ့်ရယ်၊ ကျန်တဲ့ကလေးတွေကတော့ သိပ်မသိဘူး။ တခြား ဖက်က တိုက်မှာထားတာကျတော့ ရွှီးရယ်၊ လေးလေးမွန်ရယ်၊ မိမိဦးရယ်၊ နီဘယ်အေးရယ်ပါ။" ■

## အင်းစိန်ထောင်မှ နိုင်ငံရေးအကျဉ်းသား [၆] ဦး ပြန်လွှတ်ပေးခြင်း အပိုင်း [၂]

*ဒီဗွီဘီ ၊ ၁၅ နိုဝင်ဘာ၊ ၂၀၀၇*

အမျိုးသမီး နိုင်ငံရေးအကျဉ်းသူတွေမှာ ကျန်းမာရေး မကောင်းတာ ဘယ်လိုမျိုး ကြားခဲ့ မြင်ခဲ့ တွေ့ခဲ့ရလဲ။

"ကျန်းမာရေးတွေကတော့ အခုလာတဲ့ အရင်ကျမတို့ ထောင်ကျနေတဲ့ အဟောင်းတွေက ကျန်းမာရေးကတော့ တယောက်မှ မကောင်းတော့ဘူး။ အခုလာတဲ့ လက်ရှိကလေးတွေကလဲ ကျန်းမာရေးတွေ ဖြစ်လာတယ်။ ဗိုက်အောင့်လာကြတယ်။ တယောက်ဆိုလို့ရှိရင် သွားကိုခွဲပြီးမှနှုတ်ရမဲ့ အခြေအနေရှိတယ်။ အဲဒါက မမီးမီးပါ။ ကိုယ်ဝန်နဲ့ အမျိုးသမီး တယောက်ရှိသေးတယ်။ မိမိဦး ကိုယ်ဝန်နဲ့ ကိုယ်ဝန် ငါးလလောက်ရှိပါပြီ။"

သူတို့ ကျန်းမာရေးမကောင်းတော့ သူတို့ကို ထောင်အာဏာပိုင်တွေက ဂရုတစိုက်ရှိလား ဘယ်လိုရှိလဲ။

"ဆရာဝန်ကိုခေါ်ပြီးတော့ သူတို့ကို ပြပေးတယ်ပေါ့နော်။ ဆရာဝန်ခေါ် ပြပေမဲ့လဲ ထောင်တွင်းဆေးခန်းမှာ ဆေးကအပြည့်အစုံမရှိဘူး။ အပြည့်အစုံ မရှိတဲ့အတွက်ပေါ့နော်။ သူတို့ကို အိမ်ကိုမှာချင်လား။ တကယ်ထောင်ဝင်စာမရှိတဲ့သူတွေကျတော့ အိမ်ကို မမှာနိုင်ဘူး။ မမှာနိုင်တဲ့အခါကျတော့ သူတို့က အထူးကုလာမှ ပြပေးမယ်ပေါ့။ အထူးကုလာတဲ့ အချိန်ရယ်၊ သူတို့ အခုဖြစ်နေတဲ့ အချိန်ရယ်၊ အထူးကုကလဲ ခြောက်လတကြိမ်လောက်မှ လာတဲ့အတွက် အဲဒီမှာရောဂါတွေက ပျောက်သင့်တဲ့အချိန်မှာ မပျောက်ပဲနဲ့ ပိုပိုပြီးတော့ ဆိုးလာတယ်ပေါ့နော်။ အခု အန်တီ ဒေါ်မေဝင်းမြင့်တို့ဆိုရင်လဲ ကျန်းမာရေးက တော်တော်ဆိုးနေပါပြီ။ အသက်လဲ ကြီးနေပါပြီ။ ပြန်ပြီးတော့ ချုပ်ထားတာလဲ အခုဆိုလို့ရှိရင် ဆယ်နှစ်ပြည့်တော့မယ်။ ကျန်းမာရေးကတော့ တယောက်မှ မကောင်းပါဘူး။ တယောက်ဆိုလို့ရှိရင်လဲ သူ့မှာခေါင်းက အာရုံကြောက လုံးဝမကောင်းတဲ့အတွက် တချိန်လုံး ခေါင်းကိုက်နေတယ်။ တချိန်လုံး တုံးလုံးလှဲနေရတယ်။ အထူးကုလာတယ် ပြပေးတယ်။ ဆေးက ငါးရက်စာလောက်ပဲ ရတဲ့အတွက် ဒီရောဂါတွေကလဲ မပျောက်နိုင်ပါဘူး။"

ဟုတ်ကဲ့ အဲဒါ ဘယ်သူလဲ ခင်ဗျ။

"အဲဒါက မသန်းသန်းဆင့်ပါ။"

အခု ပြန်လွှတ်လာတဲ့အပေါ် မရီရီဝင်း ဘာပြောချင်လဲခင်ဗျ။

"ပြန်လွှတ်လာတဲ့အပေါ်မှာဆို ကျမက ပြန်သာလွှတ်ခဲ့တယ်။



ဖြစ်မိတယ်။ အထူးသဖြင့်ပေါ့နော် ဒီလိုမျိုး ထပ်ပြီးတော့ ချုပ်ထားတဲ့ အန်တီဒေါ်မေဝင်းမြင့် လွှတ်တော်ကိုယ်စားလှယ် ကျန်နေခဲ့တဲ့အတွက် ဒီနေ့ တနေကုန် စိတ်မကောင်းဘူး။”

ဆိုလိုတာက အခုလို ပြန်လွတ်လာပေမဲ့လို့ စိတ်ထဲမှာ မပျော်နိုင်ဘူး လို့ ပြောချင်တာလား ခင်ဗျ။

“ဟုတ်ကဲ့ မပျော်နိုင်ပါဘူး။ ကျမရဲ့ အမှုတွဲကလဲ သုံးယောက်က သုံးယောက်လုံးမဟုတ်ပဲ ကျမတယောက်ထဲလွှတ်တယ်။ လွှတ်တယ်ဆိုတာ တောင်မှ လွှတ်မှန်းမသိပဲနဲ့ ပြန်လာခဲ့ရတာပေါ့နော်။”

ဘယ်လိုပဲပြောပြော လွှတ်လာတယ်ဆိုတော့ ထူးထူးခြားခြား ဘာတွေ ပြောချင်လဲခင်ဗျ။

“ထူးထူးခြားခြားကတော့ ကျမရဲ့ ကျန်နေခဲ့တဲ့ သူတွေကိုလဲ လွှတ်စေချင်တယ်။ နော်ဝေမှာရောက်နေတဲ့ ကျမ မိသားစုကိုလဲ သိစေချင်တယ်။” ဒါကတော့ ဒီကနေ့ ပြန်လွှတ်လာတဲ့ နိုင်ငံရေးအကျဉ်းသူ မရီရီဝင်းနဲ့ မေးမြန်းခဲ့တာပါ။

ကျိုက်ထိုမြို့နယ်နေ မရီရီဝင်းကို (၂၀၀၄) ခုနှစ် ဇွန်လထဲမှာ ဖမ်းဆီးခဲ့ပြီး ထောင် (၇) နှစ်ချ မှတ်ခဲ့တာဖြစ်ပါတယ်။ အင်းစိန်ထောင်က အကျဉ်းသား (၈၀) နီးပါးကို အာဏာပိုင်တွေက ဒီကနေ့ ပြန်လွှတ်ပေးရာမှာ မရီရီဝင်း အပါအဝင် နိုင်ငံရေးအကျဉ်းသား (၆) ဦးပါဝင်တာ ဖြစ်ပါတယ်။ ပြန်လွှတ်လာတဲ့ နိုင်ငံရေးအကျဉ်းသား (၆) ဦးစလုံးဟာ သြဂုတ်၊ စက်တင်ဘာဆန္ဒပြပွဲတွေနဲ့ မဆိုင်ပဲ (၂၀၀၂) (၂၀၀၃) နဲ့ (၂၀၀၄) ခုနှစ်တွေကတည်းက ဖမ်းဆီးထောင်ချ ခံထားရသူတွေ ဖြစ်ပါတယ်။ ဒီကနေ့ ပြန်လွှတ်လာတဲ့ (၆) ဦး အနက်က မြို့တော်ခန်းမရှေ့ တကိုယ်တော်ဆန္ဒပြမှုနဲ့ ထောင် (၇) နှစ်ချမှတ်ခံခဲ့ရတဲ့ အဖွဲ့ချုပ်လူငယ် ကိုထွန်းလင်းကျော်ရဲ့ ကျမ်းမာရေးအခြေအနေကလဲ စိုးရိမ်စရာ ရှိနေတယ်လို့သိရပါတယ်။

“ကျနော့် ကျန်းမာရေးအခြေအနေက အဆုတ်တခြမ်းကတော့ လုံးဝ မကောင်းတော့ဘူး။ နောက် ဆရာဝန်တွေနဲ့ ပြီးခဲ့တဲ့ ကိုးလပိုင်းကပေါ့။ ဆေးရုံတက်တာ နှစ်လကြာတယ်။ ရန်ကုန်ဆေးရုံကြီးမှာ ညှိတွေ့ခွင့်မပေးဘူး။ ခွဲစိပ်မှသာလျှင် ကျန်းမာရေးအခြေအနေက ကောင်းမယ်။ မခွဲစိပ်ရင် မကြာခဏ သွေးထွက်တာဖြစ်နေမှာ။ သွေးအန်တာဖြစ်မယ်။ အဲဒီက ဆရာဝန်တွေက အသက်အန္တရာယ် စိုးရိမ်ရတယ်ဆိုပြီး မခွဲတော့ဘူး။ မခွဲတော့ပဲ နှစ်လပြည့်တော့ ကျနော့်ကို အင်းစိန်ထောင်ကို ပြန်ပို့လိုက်တယ်။ ပြီးခဲ့တဲ့ ငါးရက်နေ့ကပေါ့။ ကျနော် အင်းစိန်ထောင် ပြန်ရောက်တယ်။”

အဆုတ်တခြမ်း မကောင်းတော့ဘူးဆိုတဲ့ ကိုထွန်းလင်းကျော်ပါ။ ပြန်လွှတ်လာသူနောက်တဦးဖြစ်တဲ့ ကိုဖုန်းအောင်ကတော့ သူဖမ်းဆီးခံရပုံကို အခုလို ပြန်ပြောင်း ပြောပြပါတယ်။

“ကျနော် (၂၀၀၃)၊ (၂၉) ရက်နေ့ (၉) လပိုင်းပေါ့။ တောင်းဆိုချက်ဆယ်ချက်နဲ့ ရှေ့နောက်ဆွဲပြီးတော့ ဆန္ဒပြတာကို ကျနော့်ကို ဖမ်းလိုက်တာ။ ကျနော့်ကို စစ်ဒေသ (၈) ကိုခေါ်သွားတာ။ မြို့တော်ခန်းမထဲကို ခေါ်သွားတယ်။ အဲဒီကနေ ကျနော်တို့ ခေါင်းပိတ်ပြီးတော့ပေါ့။ ထောက်လှမ်းရေး (၁၄) ထဲကို ခေါ်သွားတယ်။ ဘယ်နေရာမှန်းတော့ မသိဘူးပေါ့။ အဲဒီကနေပြီးတော့မှ တခါ (၂၅) ရက်နေ့မှာ စစ်ဆေးပြီးတော့၊ (၂၅) ရက်နေ့မှာ အင်းစိန်ထောင်ကို ပို့တာ။ အင်းစိန်ထောင်ကနေပြီးတော့ ကျနော် (၁၁) ရက် (၁၂) လ (၂၀၀၃) မှာပဲ ကျနော့်ကို ထောင်ဒဏ် (၇) နှစ် ဆိုပြီးတော့ ချမှတ်တယ်။ အဲဒီမှာ ကျနော် ပြောပြသေးတယ်ဗျ။ ကျနော်က ရယ်လိုက်တာပေါ့။ မင်းမှာအပြစ်ရှိလားဆိုတော့ ကျနော်ရယ်လိုက်တယ်။ ရယ်ပြီးတော့ ဟာဗျာလို့ တရားသူကြီးကလဲလို့ ကျနော့်မှာ အပြစ်ရှိတယ် မရှိဘူး ခင်ဗျား သိပါတယ်ဗျာလို့။ ကျနော် ဒီမိုကရေစီအတွက် လုပ်နေတဲ့နေရာမှာ ဆန္ဒပြတဲ့ဥစ္စာ ကျနော့်မှာ အပြစ်ရှိလားဆိုတော့။ ဟော့ကောင်တဲ့ ဒါအထူးတရားရုံးတဲ့ ဘာဖြစ်သွားချင်လား၊ ညာဖြစ်သွား ချင်လားဆိုတော့။ ရှိတယ်ဆိုလဲ ရှိတယ်ပေါ့ဗျာဆိုတော့၊ ရှိရင်ရှိတယ်လို့ ပြောကွာတဲ့ဆိုတော့ ရှိပါတယ်ဗျာ ရှိပါတယ်ဗျာ၊ ရှိပါတယ်ဗျာ။ သူက သုံးခါမေးတော့ ပြောပြီးသားလို့ပဲ ပြောလိုက်တယ်။ အဲဒီမှာ ကျနော် ကျမလူတွေ ကျန်နေခဲ့တဲ့အတွက် ကျမဒီနေ့မနက် တော်တော်စိတ်မကောင်း (၇) နှစ် ကျတယ်။” ကိုဖုန်းအောင်ဖြစ်ပါတယ်။

ဒီကနေ့ ပြန်လွှတ်လာတဲ့အပေါ် ဘယ်လိုခံစားပြောပြချင်ပါသလဲလို့ မေးကြည့်ရာမှာတော့ ပြန်လွှတ်လာသူတွေကိုယ်စား အဖွဲ့ချုပ်ဝင် ကိုသိန်းနိုင်ဦးက အခုလို ပြောပြသွားပါတယ်။

“လွှတ်လာတဲ့အပေါ်မှာ သိပ်ထူးထူးခြားခြား မရှိပါဘူး။ ဘာကြောင့် မရှိသလဲဆိုတော့ ကျနော်တို့ရဲ့လုပ်ဖော်ကိုင်ဖက် နိုင်ငံရေးအကျဉ်းသားတွေဟာ ထောင်ထဲမှာ လက်ရှိကျန်ရှိနေတဲ့အတွက်ကြောင့် သိပ်ထူးခြားတဲ့ စိတ်ခံစားမှု မရှိပါဘူး။ ကျနော်တို့ လုပ်ဖော်ကိုင်ဖက်တွေ ကျန်ခဲ့တယ်။ အဲဒီအတွက်ကြောင့် ဝမ်းနည်းကြေကွဲတယ်ပေါ့နော်။ အဲလိုမျိုးပဲ ရှိပါတယ်။ ကျန်တဲ့ ထွေထွေထူးထူး မရှိပါဘူး။”

ဒီကနေ့ ပြန်လွှတ်လာတဲ့ ဒလမြို့နယ်အဖွဲ့ချုပ်က ကိုသိန်းနိုင်ဦး ဖြစ်ပါတယ်။ ■

## တွေ့ဆုံဆွေးနွေးရေးသည်သာ တခုတည်းသော နည်းလမ်းဟု မစ္စတာဂန်ဘာရီပြောကြား

*ဟစ်တိုင်၊ ၁၄ နိုဝင်ဘာ၊ ၂၀၀၇*

မြန်မာနိုင်ငံဒီမိုကရေစီဖော်ဆောင်မှုအား ညှိနှိုင်းဆွေးနွေးမှုသာ တခုတည်းသော နည်းလမ်းဖြစ်သည်ဟု ကုလသမဂ္ဂအထူးကိုယ်စားလှယ် အီဘာရာဟင်ဂမ်ဘာရီက ပြောကြောင်းသတင်းရရှိသည်။

မြန်မာနိုင်ငံသို့ နိုဝင်ဘာလ ၃ ရက်နေ့မှ ၈ ရက်နေ့အထိ သွားရောက်ခဲ့တဲ့ မစ္စတာဂန်ဘာရီက နယူးယောက်မြို့ရှိ ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ အင်္ဂါနေ့က ပြောကြားခြင်းဖြစ်သည်။

သူ့ရဲ့ခရီးစဉ်အတွင်း မြန်မာစစ်အစိုးရမှ ဆင်းရဲမှုပပျောက်ရေး ကော်မရှင်တရပ် ဖွဲ့စည်းမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီအဖွဲ့ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား သူမ၏ပါတီဝင်တွေနဲ့တွေ့ခွင့်ပေးခဲ့ကြောင်း၊ သို့သော်လည်း သူ့ရဲ့ခရီးစဉ်အတွင်းမှာ သူမျှော်လင့်ထားသည့်အတိုင်း အကုန်လုံးတော့ရမလာခဲ့ကြောင်းနှင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်ဖော်ဆောင်ဆွေးနွေးရေးအတွက် တွေ့ဆုံဆွေးနွေးရေးသည်သာ တခုတည်းသောနည်းလမ်းဖြစ်သည်ဟု မစ္စတာဂန်ဘာရီပြောသည်။

မြန်မာအစိုးရအနေနဲ့ ဒေါ်အောင်ဆန်းစုကြည်အပေါ် ကန့်သတ်ထိန်းချုပ်ထားသည်များ ပြန်ရုတ်သိမ်းရန်နှင့် ဖွဲ့စည်းပုံအခြေခံဥပဒေ အသစ်ရေးဆွဲရေးနှင့်ပတ်သက်ပြီး ခိုင်မာသည့်မူဝါဒများ ကြေညာရန် ယခုအချိန်ထိ မပြောကြားသေးကြောင်းလည်း ပြောဆိုသည်။ လုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံကိစ္စ မည်ကဲ့သို့ကိုင်တွယ်မည်ကို နောက်ပိုင်းမှာ ဆွေးနွေးခဲ့ကြသော်လည်း လုံခြုံရေးကောင်စီအဖွဲ့ဝင်တွေကြား သဘောထားကွဲလွဲမှုများနည်းအောင် မလုပ်ဆောင်နိုင်ခဲ့ပါ။

အမေရိကန်နိုင်ငံက မြန်မာနိုင်ငံကို ပိုမိုဖိအားပေးရန် တောင်းဆိုခဲ့သော်လည်း ယင်းသို့လုပ်ဆောင်မည်ဆိုပါက မလိုလားအပ်သည့် အကျိုးဆက်များ ဖြစ်လာနိုင်ကြောင်း တရုတ်နိုင်ငံမှ ကန့်ကွက်သည်။

ယခုရက်ပိုင်းအတွင်း သံဃာ့တပ်ပေါင်းစုမှ ဦးဂမ္ဘီယနှင့် မစုစုနွေးတို့အားဖမ်းဆီးခြင်းသည် မြန်မာနအဖ စစ်အစိုးရမှ မစ္စတာဂမ်ဘာရီအား ဂတိပေးစကားပြောကြားလိုက်သည့် မြန်မာနိုင်ငံရေးသမားများအား ဆက်လက်ဖမ်းဆီးမှုများ မလုပ်တော့ပါဆိုသည့် အချက်နှင့် ဆန့်ကျင်ဘက်ဖြစ်နေကြောင်း အမေရိကန်နှင့် အင်္ဂလန်တို့မှ သံအမတ်များက ထောက်ပြပြောဆိုလိုက်သည်။ ■

## မစုစုနွေး ရဲစခန်းမှာ အစာငတ်ခံ ဆန္ဒပြနေ

*အာအက်ဖ်အေ၊ ၁၅ နိုဝင်ဘာ၊ ၂၀၀၇*

ပြီးခဲ့တဲ့နိုင်ဝင်ဘာ (၁၃)ရက်နေ့ မနက်ပိုင်းက ရန်ကုန်မြို့မှာ စစ်အစိုးရဆန့်ကျင်ရေးပိုစတာလှုပ်ရှားမှုလုပ်နေရင်း အဖမ်းခံခဲ့ရတဲ့ မစုစုနွေးဟာ သူမကိုဖမ်းချုပ်ထားတဲ့ ဗဟန်းမြို့နယ် ရဲစခန်းမှာ အစာငတ်ခံဆန္ဒပြနေတယ်လို့ တိမ်းရှောင်လှုပ်ရှားနေတဲ့(၈၈)မျိုးဆက်ကျောင်းသားတဦးက ပြောပါတယ်။

အခုလို အစာငတ်ခံဆန္ဒပြနေတဲ့ မြန်မာနိုင်ငံအလုပ်သမားအခွင့်အရေးလှုပ်ရှားသူ မစုစုနွေးအတွက် ရန်ကုန်မြို့အခြေစိုက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်ကလည်း စိုးရိမ်မကင်းဖြစ်နေပြီး မစုစုနွေးအတွက် ဆွစ်ဇာလန်နိုင်ငံ၊ ဂျနီဗာရုံးချုပ်ကို အကြောင်းကြားထားတယ်လို့ မစုစုနွေးနဲ့ နီးစပ်တဲ့ နိုင်ငံရေးလှုပ်ရှားသူတွေက ပြောကြပါတယ်။

အစာငတ်ခံဆန္ဒပြနေတဲ့ နှလုံးရောဂါဝေဒနာရှင် မစုစုနွေးဟာ အပတ်စဉ် သောကြာနေ့တိုင်း ဆေးသွင်းကုသမှုခံယူနေရတယ်လို့လည်း သိရပါတယ်။ အခုလို မစုစုနွေးအနေနဲ့ အစာငတ်ခံဆန္ဒပြနေတဲ့အတွက် သူ့ရဲ့ ကျန်းမာရေးအခြေအနေဟာ စိုးရိမ်စရာဖြစ်နေတယ်လို့လည်း မစုစုနွေးနဲ့ နီးစပ်တဲ့ မျိုးဆက်သစ်ကျောင်းသားလူငယ်တွေက ပြောကြပါတယ်။

မစုစုနွေးဟာ အဖမ်းခံရစဉ်ကာလက သူမတဦးတည်းပြေးရင် လွတ်ပေမဲ့ လှုပ်ရှားမှုအတူပြုလုပ်နေတဲ့ ကျောင်းသားနှစ်ဦးကို မထားခဲ့ပဲ အတူ အဖမ်းခံခဲ့တာဖြစ်တယ်လို့ အဲဒီ (၈၈)မျိုးဆက်ကျောင်းသားက ဆက်ပြောပါတယ်။

မစုစုနွေးကို ဗဟန်းမြို့နယ်ရဲစခန်းမှာ ဖမ်းဆီးချုပ်နှောင်ထားတယ်ဆိုတဲ့ ကိစ္စအပေါ် ဗဟန်းမြို့နယ်ရဲစခန်းကို (RFA) က ဆက်သွယ်မေးမြန်းခဲ့ပေမဲ့ ဆက်သွယ်လို့မရခဲ့ပါဘူး။

ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာပင်နဲရိုးက မစုစုနွေးကို တွေ့ဆုံခဲ့တယ်လို့သိကြရပေမဲ့ အသေးစိတ်ကိုတော့ မသိရသေးပါဘူး။ ■

## တွေ့ဆုံဆွေးနွေးရေးကာလအတွင်း ကန့်ကွက်ကြေညာမှုများ မလုပ်သင့်ကြောင်း အဲန်အယ်လ်ဒီပြောကြား

*ဗွီအိုအေ၊ ၁၅ နိုဝင်ဘာ၊ ၂၀၀၇*

မြန်မာစစ်အစိုးရ ဆက်ဆံရေးအရာရှိနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ဒီနေ့မွန်းလွဲပိုင်းက စစ်အစိုးရဧည့်ဂေဟာမှာ တွေ့ဆုံပါတယ်။ ဆွေးနွေးပွဲနဲ့ ပတ်သက်လို့ အသေးစိတ်မသိရသေးပါဘူး။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (အဲန်အယ်လ်ဒီ) ကတော့ တွေ့ဆုံဆွေးနွေးရေးကို ဦးတည်လုပ်ဆောင်နေတဲ့ကာလမှာ ပြန်လည်သင့်မြတ်ရေးလမ်းကြောင်းကို သွေဖည်တဲ့လုပ်ရပ်တွေ ဘယ်ဘက်ကမှ မလုပ်သင့်ဘူးလို့ ပြောဆိုနေပါတယ်။ အကြောင်းစုံကို ကိုသိန်းထိုက်ဦးက တင်ပြထားပါတယ်။

အခုလို မြန်မာစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို အစိုးရဧည့်ဂေဟာကိုခေါ်သွားတယ်ဆိုတာက စစ်အစိုးရဘက်က ဆက်ဆံရေးအရာရှိခန့်အပ်ပြီးနောက်ပိုင်းမှာ တတိယအကြိမ်တွေ့ဆုံကြတာပါ။ ဘာတွေအသေးစိတ်ဆွေးနွေးတယ်ဆိုတာကိုတော့ အတိအကျမသိရသေးပါဘူး။ ညနေ လေးနာရီကျော်လောက်မှာ ဒေါ်အောင်ဆန်းစုကြည်နေအိမ်ကိုပြန်ရောက်တယ်လို့ မျက်မြင်သက်သေတွေက ပြောပါတယ်။

မြန်မာစစ်အစိုးရဆက်ဆံရေးအရာရှိနဲ့ ဒေါ်အောင်ဆန်းစုကြည် အကြား ပုံမှန်တွေ့ဆုံတာမျိုးတွေကိုတော့ စစ်အစိုးရဘက်က ဆက်ပြီးတော့စီစဉ်နေတယ်လို့ လေ့လာသူတွေက သုံးသပ်ပါတယ်။ ဒီလိုတွေ့ဆုံတာက မြန်မာသတင်းစာတွေမှာ ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်နဲ့ ပတ်သက်ပြီး စစ်အစိုးရနဲ့ အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတချို့ရဲ့ကြေညာချက်တွေ ထွက်ပေါ်နေတဲ့အချိန်နဲ့လည်း တိုက်ဆိုင်နေပါတယ်။ တဖက်က အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးရေးလမ်းကြောင်းပေါ်မှာရောက်နေပါပြီလို့ ကုလသမဂ္ဂက သတ်မှတ်ထားတဲ့အချိန်မှာ ဒေါ်အောင်ဆန်းစုကြည်ရဲ့ ကြေညာချက်ကိုကန့်ကွက်တဲ့ တိုင်းရင်းသားတွေရဲ့ သဘောထားတွေ သတင်းစာတွေမှာ ဆက်ပြီးဖော်ပြနေတာတွေနဲ့ပတ်သက်လို့ အဲန်အယ်လ် ဒီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်းရဲ့သဘောထားကို ဗွီအိုအေက မေးကြည့်ပါတယ်။ ဒါဟာ တွေ့ဆုံဆွေးနွေးရေးအတွက် တိုးတက်တဲ့လက္ခဏာလို့ သတ်မှတ်နိုင်ပါ့မလားလို့မေးတာကို ဦးဉာဏ်ဝင်းက အခုလိုပြန်ပြောပြပါတယ်။

"တိုးတက်မှုနဲ့ပတ်သက်ပြီးပြောချင်တာက ကျနော်တို့ အခုလိုဆွေးနွေးတဲ့အချိန်မှာ ဒီလိုဟာမျိုးက မပါသင့်ဘူးလေ၊ သတင်းစာထဲမှာ မထည့်သင့်ဘူးလေ။ သတင်းစာဆိုတာလည်း အစိုးရသတင်းစာကိုး။ ဒါပေမယ့် ပါတီတခုချင်းအနေနဲ့ တိုင်းရင်းသားအဖွဲ့ဆိုတဲ့ အဖွဲ့တွေရဲ့ တခုချင်းအနေနဲ့ ကိုယ့်ဆန္ဒကိုယ် ထုတ်ဖော်တာတော့ ကျနော်တို့ ဘာမှမပြောလိုဘူး။ ဒါပေမယ့်လို့ တွေ့ဆုံဆွေးနွေးရေးလမ်းစဉ်ကို ဆောင်ရွက်နေတဲ့ကာလမျိုးမှာ ဒီဥစ္စာကမဖြစ်သင့်ဘူးလို့ အဲဒီလိုတော့ မှတ်ချက်ပြုချင်တယ်"

အဲန်အယ်လ်ဒီပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်း ပြောပြသွားတာဖြစ်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကတော့ ဒီလိုကြိုတင်ညှိနှိုင်းမှုတွေ၊ တွေ့ဆုံမှုတွေကနေ မြန်မာနိုင်ငံမှာ စစ်မှန်ပြီး အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် မြန်မာစစ်အစိုးရနဲ့ တွေ့ဆုံဆွေးနွေးပွဲတွေ အမြန်ဆုံး အကောင်အထည်ဖော်နိုင်မယ်လို့ မျှော်လင့်တဲ့အကြောင်း ပြောဆိုထားပါတယ်။ ■

## ကိုမင်းကိုနိုင်၊ သတင်းစာဆရာကြီး ဦးဝင်းတင်၊ မစုစုနွေးတို့ကို ပင်နဲရိုး တွေ့ခွင့်ရ

*အာအက်ဖ်အေ၊ ၁၅ နိုဝင်ဘာ၊ ၂၀၀၇*

ပြီးခဲ့တဲ့ စက်တင်ဘာလဆန္ဒပြပွဲတွေမှာ သေဆုံးသူ၊ ဖမ်းဆီးခံရသူတွေ စာရင်းနဲ့ပတ်သက်ပြီး လေ့လာစုံစမ်းဖို့ မြန်မာနိုင်ငံကိုရောက်ရှိနေတဲ့ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာပင်နဲရိုးဟာ ပြီးခဲ့တဲ့ ဩဂုတ်လလယ်ပိုင်းက ဖမ်းဆီးထိန်းသိမ်းခံခဲ့ရတဲ့ ကျောင်းသားခေါင်းဆောင် ကိုမင်းကိုနိုင်နဲ့အင်းစိန်ထောင်မှာ နိုဝင်ဘာ (၁၅)ရက် ဒီကနေ့ ကြာသာပတေးနေ့က တွေ့ဆုံခဲ့ပါတယ်။ အသေးစိတ်ကိုတော့ မသိရသေးပါဘူး။

ကိုမင်းကိုနိုင်အပြင် တခြားဘယ်သူနဲ့မှ တွေ့ဆုံခဲ့ပုံမရကြောင်း အစောပိုင်းကသတင်းတွေမှာ ဖေါ်ပြခဲ့ကြပေမဲ့၊ နောက်ပိုင်းရရှိတဲ့သတင်းတွေအရ သတင်းစာဆရာကြီး ဦးဝင်းတင်၊ မစုစုနွေးတို့နဲ့ပါ တွေ့ဆုံခွင့်ရခဲ့ကြောင်း သိရပါတယ်၊ သတင်းစာဆရာကြီး ဦးဝင်းတင်ဟာ အကျဉ်းကျနေခဲ့တာဟာ အနှစ် (၂၀)နီးပါးရှိပါပြီ။

ကိုမင်းကိုနိုင်ကတော့ (၈၈)မျိုးဆက်ကျောင်းသားခေါင်းဆောင် (၁၂) ယောက်နဲ့အတူ ဩဂုတ်လအတွင်း ထိန်းသိမ်းခံခဲ့ရပါတယ်။ ဒါဟာ တတိယအကြိမ်မြောက် ထိန်းသိမ်းခံရတာဖြစ်ပါတယ်။

မစ္စတာပင်နဲရိုးဟာ နေပြည်တော်မှာ စစ်အစိုးရဝန်ကြီးတွေနဲ့ တွေ့ဆုံခဲ့ပြီး တခြားသူတွေနဲ့လည်းတွေ့ဆုံခွင့်ပေးဖို့ မနေ့ကတောင်းဆိုခဲ့ပါတယ်။ အစိုးရထိပ်တန်းအာဏာပိုင်အများအပြားနဲ့ တွေ့ဆုံခွင့်ရလို့ အထူးကိုယ်စားလှယ်က ကျေးဇူးတင်စကားဆိုလိုက်ပြီး တခြားအစိုးရမဟုတ်သူတွေနဲ့လည်း တွေ့ဆုံဆွေးနွေးခွင့်ပြုဖို့ အာဏာပိုင်တွေကို ထပ်မံတောင်းဆိုခဲ့တယ်လို့ ကုလသမဂ္ဂကြေညာချက် ဖေါ်ပြပါတယ်။ သူရောက်ရှိနေစဉ်အတွင်း မစုစုနွေးအဖမ်းဆီးခံခဲ့ရတဲ့အတွက်လည်း မစ္စတာပင်နဲရိုးအနေနဲ့ စိုးရိမ်ပူပန်မိကြောင်းလည်း ကုလသမဂ္ဂဌာနေကိုယ်စားလှယ် မစ္စတာချားလ်ပက်ထရီက ဆိုပါတယ်။

ကုလသမဂ္ဂလူ့အခွင့်အရေးအထူးကိုယ်စားလှယ် မစ္စတာပင်နဲရိုးနဲ့ တွေ့ဆုံခွင့်ရရင် တင်ပြပြောဆိုစရာတွေကို (NLD) ပါတီက ပြင်ဆင်ထားပေမဲ့ ခုချိန်ထိ မတွေ့ရသေးဘူးလို့ သိရပါတယ်။ ■

## လုံခြုံရေးကောင်စီသို့တင်သွင်းသော မစ္စတာဂမ်ဘာရီ၏ အစီရင်ခံစာအပေါ် အဲန်စီဂျီယူဘီ သုံးသပ်ချက်

*ဗွီအိုအေ၊ ၁၅ နိုဝင်ဘာလ၊၂၀၀၇*

ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ မစ္စတာဂမ်ဘာရီအစီရင်ခံခဲ့တဲ့အပေါ် ပြည်ထောင်စုမြန်မာနိုင်ငံ ညွန့်ပေါင်းအစိုးရ (အဲန်စီဂျီယူဘီ) ရဲ့ ကုလသမဂ္ဂရေးရာ တာဝန်ခံ ဒေါက်တာသောင်းထွန်းကို ကိုကျော်အောင်လွင်က ဆက်သွယ်မေးမြန်းပြီး တင်ပြထားပါတယ်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီမှာ မြန်မာပြည်ရေးရာနဲ့ပတ်သက်ပြီးတော့ မစ္စတာဂမ်ဘာရီ မြန်မာပြည်က ပြန်လာပြီး နောက်ဆုံးအခြေအနေတွေကို ရှင်းပြတယ်လို့ ကျနော်တို့ကြားပါတယ်။ ဒီကိစ္စတွေနဲ့ပတ်သက်ပြီးတော့ ဒေါက်တာ သောင်းထွန်းတို့ သိရသမျှအခြေအနေတွေ၊ သုံးသပ်ချက်တွေ ရှင်းပြပေးပါခင်ဗျ။

"မစ္စတာဂမ်ဘာရီကတော့ အင်မတန် သံတမန်ကောင်းပီသစွာ ဘာကို သူပြောသွားလဲဆိုတော့ လက်ရှိအခြေအနေဟာ နောက်ကိုပြန်ဆုတ်လို့မဖြစ်ဘူး၊ ဒီ တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးရရှိတဲ့အထိ သွားဖို့လိုမယ်။ နောက်ကြောင်းပြန်ဆုတ်တဲ့ဟာက ဘယ်လိုနည်းနဲ့မှ လက်ခံနိုင်စရာ မဟုတ်ဘူး။ နောက်တခုက တကယ်တမ်း လက်ရှိဖြစ်လာတဲ့ အရှိန်အဟုန်ကနေ တဆင့် တကယ့်စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို သွားဖို့အတွက် အာဆီယံအပါအဝင် အိမ်နီးချင်းနိုင်ငံတွေက ဝိုင်းဝန်းလုပ်ဆောင်ကြဖို့။

"ဒီနေ့အစည်းအဝေးမှာ မစ္စတာဂမ်ဘာရီရဲ့ တင်ပြချက်မှာရော နိုင်ငံတွေ အားလုံးရဲ့ဆွေးနွေးချက်မှာရော တူညီတဲ့အချက်ကဘာလဲဆိုတော့ မစ္စတာ ဂမ်ဘာရီကတဆင့် ပို့လိုက်တဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ထုတ်ပြန်ချက်ကို အားလုံး က တညီတညွတ်တည်း ကြိုဆိုကြတာကို တွေ့ရတယ်။ ဒေါ်အောင်ဆန်းစုကြည် သုံးနှုန်းသွားတဲ့ စကားလုံးအသုံးအနှုန်းအတိုင်းပေါ့နော်၊ တွေ့ဆုံဆွေးနွေးရေးဟာ လက်ရှိ (pretalks) ပေါ့၊ ပဏာမ တွေ့ဆုံဆွေးနွေးရေး အဆင့်ကနေပြီးတော့ အဓိပ္ပာယ်ပြည့်ဝပြီးတော့ အချိန်ဇယားရှိတဲ့၊ တိုးတက်မှုရှိတဲ့ တွေ့ဆုံဆွေးနွေးပွဲ တခုအဖြစ်ကို ပြောင်းလဲရမယ်ဆိုတဲ့ ဒေါ်အောင်ဆန်းစုကြည် ထုတ်ပြန်ချက်ထဲမှာ ပါတဲ့ဟာကို နိုင်ငံတော်တော်များများက ကိုးကားပြီးတော့ ဒီလိုမျိုးဖြစ်သင့်တယ် ဆိုတဲ့အပိုင်းကို တိုက်တွန်းပြီးတော့ပြောသွားတာ ကျနော်တို့ တွေ့ရပါတယ်။

"မစ္စတာဂမ်ဘာရီရဲ့ခရီးစဉ်နဲ့ပတ်သက်လို့ သုံးသပ်ချက်တွေကို လုပ်တဲ့နေရာမှာတော့ အနည်းငယ်ကွဲပြားမှုတွေရှိတယ်ဆိုတာတော့ တွေ့ရတယ်။ တရုတ်နိုင်ငံတို့ ရုရှတို့ကတော့ ပိုပြီးတော့ အပြုသဘောဆောင်တဲ့ ချဉ်းကပ်မှု ဘက်ကနေ သုံးသပ်သွားတယ်။ နောက် မြန်မာပြည်ရဲ့ နိုင်ငံရေးအခြေအနေက ရှုပ်ထွေးတယ်၊ ဒါကြောင့်မို့လို့ အချိန်ပေးဖို့လိုတယ်၊ တိုက်တွန်းဖို့လိုတယ်ဆိုတဲ့ အပိုင်းပေါ့။ အထူးသဖြင့် စီးပွားရေးပိတ်ဆို့မှုတွေ၊ ဖိအားပေးမှုတွေအပေါ်မှာ နည်းနည်းဝေဖန်ပြီးတော့ ပြောသွားတဲ့အပိုင်းတွေရှိတယ်။ ဒါပေမယ့် အများစု ကတော့ နအဖဘက်ကနေ ဒီကနေ့လုပ်နေတဲ့အပိုင်းတွေဟာ အပြုသဘောရော၊ အပျက်သဘောရော နှစ်ခုစလုံးရောထွေးနေတဲ့ လက္ခဏာတွေဖြစ်နေတယ်။ တဖက်မှာတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ စတင်စကားပြောတဲ့ ပုံသဏ္ဍာန်မျိုးတွေ လုပ်ထားတယ်။ တဖက်မှာတော့ ဖမ်းဆီးအရေးယူမှုတွေကို လုပ်နေတယ်ဆိုတဲ့ အပိုင်းပေါ့နော်။ အမေရိကန်နဲ့ ယူကေကနေပြီးတော့ စုစုနွေးတို့ အဖမ်း ခံရတဲ့ကိစ္စ၊ ဆရာတော်ဦးဂမ္ဘီရ အဖမ်းခံရတဲ့ကိစ္စ၊ ဒါတွေနဲ့ပတ်သက်လို့ နံမည်နဲ့ကို ထည့်သွင်းပြီးတော့ ဒီလိုမျိုးဖမ်းဆီးမှုတွေ မဖြစ်သင့်ဘူး၊ ဖမ်းဆီးခံရတဲ့လူတွေကို ပြန်လည်လွှတ်သင့်တယ်၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို တကယ်သွားမယ် ဆိုရင်တော့ ဒီလိုမဖြစ်သင့်ဘူးဆိုတဲ့ အပိုင်းတွေ ပြောသွားပါတယ်။ အမေရိကန်နဲ့ ယူကေကတော့ သူတို့ရဲ့အမြင်ကရှေ့ဆက်ပြီးတော့ မစ္စတာဂမ်ဘာရီ အမြန်ဆုံး ပြန်သွားသင့်တယ်။ ဒီတခါသွားတဲ့အခါမှာ သူတွေ့ချင်တဲ့သူတွေနဲ့ တွေ့သင့်တယ်။ မစ္စတာဂမ်ဘာရီကို နေပြည်တော်မှာပဲထားပြီးတော့ တွေ့ခွင့် သွားခွင့်တွေကို ချုပ်ချယ်ထားတဲ့ဟာ ဒါ တော်တော်လေးကို သဘောမကျတဲ့သဘောမျိုး ရှိပါတယ်။ ဆိုတော့ ဒီတခုလုံးအပေါ်မှာခြုံပြီး ကျနော်တို့အမြင်ကို ပြောရမယ်ဆိုရင်တော့ ယူအန်အနေနဲ့ ရှေ့ဆက်ပြီးတော့ အားထုတ်ဖို့လိုဦးမယ်၊ နိုင်ငံတကာကလည်း အီးယူတို့ဘာတို့က ဖိအားဆက်ပေးနေဖို့ လိုမယ်၊ အမေရိကန်နိုင်ငံအပါအဝင် အနောက် ဒီမိုကရေစီနိုင်ငံတွေက ဖိအားပေးဖို့လိုမယ်။ အဲဒီအပိုင်းမှာ အီးယူဘက်ကနေပြီးတော့ အထူး ကိုယ်စားလှယ် ခန့်အပ်လိုက်တဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျနော်တို့ အများကြီးအားရတယ်။ ဒီအထူးကိုယ်စားလှယ် အနေနဲ့ အိန္ဒိယတို့၊ တရုတ်တို့၊ အာဆီယံတို့၊ ဒီအိမ်နီးချင်းနိုင်ငံတွေဟာ မြန်မာ့အရေးနဲ့ ပတ်သက်လို့ ပိုပြီးတော့လုပ်လာအောင် ကြိုးပမ်းဖို့စည်းရုံးသင့်တယ်၊ သံတမန်ရေးအရ ဆက်ဆံသင့်တယ်လို့ ကျနော်တို့ မြင်ပါတယ်" ■

---

## ကုလသမဂ္ဂအထူးကိုယ်စားလှယ်မှတဆင့်ထုတ်ပြန်ခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်၏ သတင်းထုတ်ပြန်ချက် အပေါ် တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးပါတီများ၏ သဘောထား ထုတ်ပြန်ချက်

ယနေ့တိုင်းပြည်တွင် ရင်ဆိုင်ကြုံတွေ့နေရသော အကျပ်အတည်းများမှ ကျော်လွှားလွတ်မြောက်ရေးနှင့် တမျိုးသားလုံး၏ အကျိုးစီးပွားဖြစ်ထွန်းရေအတွက် တွေ့ဆုံဆွေးနွေးရေးလုပ်ငန်း အောင်မြင်သည့်အထိ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဟု "အခိုင်အမာသံန္နိဌာန်ချထားပြီး ဆွေးနွေးပွဲလမ်းကြောင်းကို အပြုသဘောနှင့်ဖွင့်ထားကြောင်း" သိရသည့်အတွက် ကျွန်ုပ်တို့အနေဖြင့် အထူးပင် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်၊

အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံသားများအားလုံး လူ့အခွင့်အရေးများ အပြည့်အဝ ခံစားနိုင်ရေးနှင့် တိုင်းရင်းသားလူမျိုးစုအားလုံး ချစ်ခင်စည်းလုံးညီညွတ်စွာနေထိုင်နိုင်ရေးအတွက် "နိုင်ငံတော်အစိုးရ၊ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သော ဒီမိုကရေစီအင်အားစုနှင့် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ" တွေ့ဆုံဆွေးနွေးအဖြေရှာကြရန် အစဉ်တစိုက် ကြိုးပမ်းလာခဲ့သော ကျွန်ုပ်တို့တိုင်းရင်းသားလူမျိုးစု နိုင်ငံရေးပါတီများ အနေဖြင့် လှိုက်လှဲစွာ ကြိုဆိုထောက်ခံကြောင်း သဘောထားထုတ်ပြန် လိုက်ပါသည်။

ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ် (SNLD)
မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ (MNDF)
ဇိုမီးအမျိုးသားကွန်ဂရက် (ZNC)
ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (ALD)
ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (CNLD)
ကရင်အမျိုးသားဒီမိုကရေစီကွန်ဂရက် (KNCD)
ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက် (KNCD)
ကယားပြည်နယ်လူမျိုးပေါင်းစုံ ဒီမိုကရေစီအဖွဲ့ချုပ် (KSANLD)
ကယန်းအမျိုးသားညီညွတ်ရေးနှင့်ဒီမိုကရေစီအဖွဲ့ (DOKNU)
မရာပြည်သူ့ပါတီ (MPP)
ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ (SSKDP)
ရခိုင့်ပြည်သူ့ဒီမိုကရေစီတပ်ပေါင်းစု (APDF)

ရက်စွဲ ၂၀၀၇-ခုနှစ်၊နိုဝင်ဘာ (၁၀)ရက်။
ရန်ကုန်မြို့

## တိုင်းရင်းသားနိုင်ငံရေးပါတီနှင့်အပစ်ရပ်အဖွဲ့များကို လက်မှတ်အတင်းထိုးခိုင်းနေ

*အာအက်ဖ်အေ၊ ၁၅ နိုဝင်ဘာ၊ ၂၀၀၇*

မြန်မာစစ်အစိုးရဝန်ကြီးတဦးကိုယ်တိုင်က ဦးဆောင်ပြီး တိုင်းရင်းသား နိုင်ငံရေးပါတီတွေ၊ အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းတွေကိုတွေ့ဆုံပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ တိုင်းရင်းသား လူမျိုးများအရေးနဲ့ ပတ်သက်တဲ့ ကြေညာချက်ပါစာသားကို ကန့်ကွက်တဲ့ကြေညာချက်တွေ လက်မှတ်အတင်းရေးထိုးခိုင်းတယ်လို့ RFA က စုံစမ်း သိရပါတယ်။

ယဉ်ကျေးမှုဝန်ကြီး ဗိုလ်မှူးချုပ်ခင်အောင်မြင့်ကိုယ်တိုင် နယ်တွေကိုဆင်းပြီး တိုင်းရင်းသားအဖွဲ့တွေကို အသင့်ရေးပြီးသား ကြေညာချက်တွေကို လက်မှတ်ထိုးခိုင်းနေတာကို အပစ်အခတ်ရပ်စဲထားတဲ့ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ တိုင်းရင်းသားပါတီတွေနဲ့ နီးစပ်တဲ့သတင်းရပ်ကွက်တွေက ပြောပါတယ်။

အမည်မဖော်လိုတဲ့ လားရှိုးမြို့က တိုင်းရင်းသားအဖွဲ့တွေနဲ့ နီးစပ်တဲ့အသိုင်းအဝိုင်းရဲ့အဆိုအရ စစ်အစိုးရယဉ်ကျေးမှုဝန်ကြီးဟာ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေက တာဝန် ရှိသူတွေနဲ့တွေ့ဆုံပြီး ဒေါ်အောင်ဆန်းစုကြည်ရဲ့ကြေညာချက်ပါ တိုင်းရင်းသား လူမျိုးအရေးနဲ့ပတ်သက်တဲ့ စာသားကို ကန့်ကွက်သဘောမတူကြောင်း လက်မှတ်ရေးထိုးပေးဖို့ တောင်းဆိုခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမဲ့ လက်နက်ကိုင်အပစ်ရပ်အဖွဲ့လေးခုကတော့ ဒီကိစ္စကို ချက်ချင်းသဘောတူ လက်မှတ်ထိုးဖို့ ငြင်းဆန်ခဲ့တယ်လို့ RFA က စုံစမ်းသိရပါတယ်၊

နိုဝင်ဘာ (၁၅)ရက် ဒီကနေ့ထုတ်သတင်းစာတွေမှာ အရင်မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီကို အမည်ပြောင်းထားတဲ့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ရှမ်းပြည်ကိုးကန့် ဒီမိုကရက်တစ်ပါတီ၊ ဝအမျိုးသားဖွံ့ဖြိုး တိုးတက်ရေးပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး နဲ့ ကယားအထူးဒေသ (၁)အဖွဲ့တွေရဲ့ ကြေညာချက်တွေကို စစ်အစိုးရသတင်းစာတွေက ရှေ့အဖုံးနဲ့ ကျောဖုံးတွေမှာ အပြည့်ဖော် ပြထားပါတယ်။

ဒီလိုကန့်ကွက်တဲ့ ကြေညာချက်တွေကို မနေ့ကစပြီး ပအိုဝ်းအဖွဲ့အစည်း (၂)ခုကိုစပြီး လက်မှတ်ထိုး ထုတ်ပြန်စေခဲ့ပါတယ်။

စစ်အစိုးရယဉ်ကျေးမှုဝန်ကြီးဟာ မနက်ဖြန်မှာ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ကို သွားရောက်ဖို့ရှိပြီး ကချင်အထူးဒေသတွေက (ကေအိုင်အေ)နဲ့ (အန်ဒီကေအေ)အဖွဲ့တွေကို သွားရောက်တွေ့ဖို့ရှိတယ်လို့လည်း သိရပါတယ်။ ■

## မြန်မာကို အာဆီယံအဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ပေးရန် [၈၈] မျိုးဆက်ကျောင်းသားများ တောင်းဆို

*ခေတ်ပြိုင်၊ ၁၉ နိုဝင်ဘာလ၊၂၀၀၇*

နအဖစစ်အစိုးရက ဒီမိုကရေစီရေးလမ်းပြမြေပုံကို အတိအလင်း ဆန့်ကျင်ကန့်ကွက်ရန် အာဆီယံ ခေါ် အရှေ့တောင် အာရှနိုင်ငံများအသင်းထံ ၈၈ မျိုးဆက်ကျောင်းသားများက ယနေ့တောင်းဆိုလိုက်သည်။

စင်ကာပူနိုင်ငံတွင် ကျင်းပနေသည့် (၁၃) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတက်ရောက်နေသော အာဆီယံနိုင်ငံခေါင်းဆောင်များထံ ပေးပို့သည့်စာတွင် တောင်းဆိုခြင်းဖြစ်သည်။

"ငွေကျေးထောက်ပံ့မှုတွေ။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုတွေကို နအဖနဲ့မလုပ်ဘဲ မြန်မာပြဿနာအဖြေရှာဖို့အတွက် ကုလသမဂ္ဂ။ အမေရိကန်။ အီးယူနဲ့အခြားနိုင်ငံတွေနဲ့အတူ ပူးပေါင်းလုပ်ဆောင်ဖို့ အာဆီယံကို ကျနော်တို့တောင်းဆိုပါတယ်"ဟု ၈၈ မျိုးဆက်ကျောင်းသားများက ပေးစာတွင်ပါရှိသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် စစ်မှန်သည့် တွေ့ဆုံဆွေးနွေးမှု လုပ်ငန်းစဉ်စတင်နိုင်ရေး မြန်မာစစ်အစိုးရကို ဖိအားပေးရန်နှင့် နိုင်ငံတကာအသိုင်းအဝန်းက အားထုတ်ကြိုးပမ်းမှုများကို စစ်အစိုးရက ဆက်လက်လျစ်လျူနေပြီး သိသာထင်ရှားသည့် ရလဒ်ထွက် မလာပါက နအဖကို အာဆီယံအဖွဲ့ဝင်အဖြစ်မှ ဆိုင်းငံ့ထားရန်လည်း တိုက်တွန်းထားသည်၊ အာဆီယံကရေးဆွဲထားသည့် အာဆီယံပတိညာဉ်စာတမ်း ကိုကြိုဆိုကြောင်းနှင့် ထိုပတိညာဉ်စာတမ်းသည် ဒေသတွင်းနေလူထု အားလုံးက လူ့အခွင့်အရေးကို ကာကွယ်ပေးနိုင်ရန် အသုံးဝင်လိမ့်မည်ဟု မျှော်လင့်ကြောင်း ၈၈ မျိုးဆက်ကျောင်းသားများက ပြောသည်။အာဆီယံခေါင်းဆောင်များထံပေးပို့သည့်စာကို ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင်များဖြစ်သည့် ကိုထွန်းမြင့်အောင်။ ကိုစိုးထွန်းနှင့် မနီလာသိန်းတို့ က လက်မှတ်ရေးထိုးထားသည်။ ■

## ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးအောင်ကြည်တို့ တတိယအကြိမ်တွေ့ဆုံ

*ဒီဗွီဘီ ၊ ၁၉ နိုဝင်ဘာ၊ ၂၀၀၇*

မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နအဖဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကြည်တို့ ဒီကနေ့ ထပ်မံတွေ့ဆုံခဲ့တယ်လို့ အဖွဲ့ချုပ် ပြန်ကြားရေး အဖွဲ့ဝင် ဦးဉာဏ်ဝင်းက ပြောပါတယ်။ ဒီကနေ့ မွန်းလွဲပိုင်းလောက်က ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်ကနေ ကားတစီးနဲ့ ခေါ်ထုတ်သွားပြီး၊ အရင်တွေ့နေကျ စစ်အစိုးရရဲ့ ဧည့်ဂေဟာမှာ ထပ်မံတွေ့ဆုံခဲ့တာ ဖြစ်ပါတယ်။ ဒါပေမဲ့ ဘာတွေ ဆွေးနွေးတယ်ဆိုတာကိုတော့ အသေးစိတ် မသိရဘူးလို့ ဦးဉာဏ်ဝင်းက ပြောပါတယ်။

"ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးအောင်ကြည်တို့ ဒီနေ့ ထပ်တွေ့တယ်လို့ ကျနော်တို့ သတင်းကြားပါတယ်။ ကျနော်တို့နဲ့တော့ တွေ့တာမရှိသေးဘူး။ အခုတွေ့တယ်ဆိုတာလဲ ကျနော်တို့ သတင်းကြားပေ့ါနော်။ ကျနော်တို့ တရားဝင် သိရှိရတာတော့ မရှိပါဘူး။ ကျနော်တို့ ကြားတာတော့ နေ့ခင်းမှာ အရင်တွေ့နေကြ ဂက်စ်ဟောက်စ် အစိုးရဧည့်ဂေဟာမှာ တွေ့တယ်လို့ ကျနော်တို့ သတင်းကြားပါတယ်။ တွေ့တယ်ဆိုရုံလောက်ပဲ သိပါတယ်။ ဦးဉာဏ်ဝင်း ပြောပြသွားတာပါ။

အရင်တကြိမ်ကလဲ ဦးအောင်ကြည်နဲ့တွေ့ပြီးတဲ့နောက် ဒေါ်အောင်ဆန်းစုကြည်ကို အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့နဲ့ ပေးတွေ့ခဲ့တာကြောင့် အခုတကြိမ်မှာရော တွေ့ခွင့်ရမယ် ထင်ပါသလား ဆိုတဲ့အမေးကို ဦးဉာဏ်ဝင်းက အခုလို ပြန်လည် ဖြေကြားထားပါတယ်။

"ကျနော်တို့ တွေ့ဆုံဆွေးနွေးပွဲလုပ်ငန်းနဲ့ ပတ်သက်ရင် စီအီးစီနဲ့တွေ့ဖို့ ဒေါ်အောင်ဆန်းစုကြည်ကလဲ တောင်းဆိုသလို ပါတီတခုအနေနဲ့လဲ တွေ့သင့်တယ်။ တွေ့ဖို့ လိုအပ်တယ်လို့ ကျနော်တို့ အဲလိုယူဆပါတယ်။ ကျနော်တို့ အားလုံးပြင်ဆင်ပြီးသားရှိတယ်။ သို့သော် ဒီအချက်အလက်တွေက ကျနော်တို့ ဆွေးနွေးပွဲနဲ့ ဆိုင်နေတဲ့အတွက် ကျနော်တို့ အခုနေပြောလို့ မရသေးပါဘူး။" အဖွဲ့ချုပ် ပြန်ကြားရေး အဖွဲ့ဝင် ဦးဉာဏ်ဝင်း ရှင်းပြသွားတာပါ။

အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် (၃) ဦးနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ ပထမတကြိမ် တွေ့ဆုံစဉ်က နအဖ စစ်အစိုးရနဲ့ ပုံမှန်တွေ့ဆုံဆွေးနွေးသွားဖို့နဲ့၊ ဆွေးနွေးမဲ့ အကြောင်းအရာ အသေးစိတ်ကို ကြိုတင်ညှိနိုင်းခဲ့ကြတယ်လို့လဲ ဦးဉာဏ်ဝင်းက ပြောပါတယ်။

ဒါပေမဲ့ တကယ့်ဆွေးနွေးပွဲ စစ်စစ်ကို ဘယ်တော့ စတင်မယ်ဆိုတာကိုတော့ ရက်သတ်မှတ်နိုင်တာမျိုး မရှိသေးဘူးလို့ ဆိုပါတယ်။ နအဖ ဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကြည်ဟာ ဒေါ်အောင်ဆန်းစုကြည်ကို အောက်တိုဘာလ (၂၅) ရက်နေ့က တကြိမ်၊ နိုဝင်ဘာလ (၉) ရက်နေ့က တကြိမ် (၂) ကြိမ်တွေ့ဆုံခဲ့ပြီး၊ ဒီကနေ့ တွေ့ဆုံမှုဟာ တတိယမြောက် ဖြစ်ပါတယ်။ နိုဝင်ဘာ (၉) ရက် ဒုတိယအကြိမ်တွေ့ဆုံပြီးစဉ်က ဒေါ်အောင်ဆန်းစုကြည်ကို အဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင် (၃) ဦးနဲ့ တွေ့ခွင့်ပေးခဲ့ပြီး ပြန်ကြားရေးအဖွဲ့ဝင် ဦးဉာဏ်ဝင်းကိုပါ တက်ရောက်ခွင့်ပေးခဲ့ပါတယ်။ ■

**" ဤစာစောင်အား မြန်မာပြည် လူထုလှုပ်ရှားမှုတိုက်ပွဲအတွက် ထပ်ဆင့်ကူးယူဖြန့်ချိသူများအား အထူးကျေးဇူးတင်ပါသည်။ "**